# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 10 October 2018 ၉၄၃၅


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးစိုးလင်းဟန်အား လမ်းညွှန်မှာကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးစိုးလင်းဟန်အား လမ်းညွှန်မှာကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးစိုးလင်းဟန်အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌ တွေ့ဆုံပြီး လိုအပ်သည့် မူဝါဒများကို လမ်းညွှန်မှာကြားသည်။ **သတင်းစဉ်**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ဂျပန်-မဲခေါင် စီးပွားရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြား




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်-မဲခေါင် စီးပွားရေးဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။

**တိုကျို အောက်တိုဘာ ၉**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အောက်တိုဘာ ၉ ရက်တွင် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ဂျပန်-မဲခေါင် စီးပွားရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့**


## မျိုးစေ့သိုလှောင်လေလုံပိတ်အိတ်များ ဖိလစ်ပိုင်နိုင်ငံမှ ပထမဆုံးအကြိမ်တင်သွင်း

**ရန်ကုန် အောက်တိုဘာ ၉**

မျိုးစေ့သိုလှောင်လေလုံပိတ်အိတ်များကို ဖိလစ်ပိုင်နိုင်ငံ GRAINPRO ကုမ္ပဏီက တင်ဒါအောင်ပြီး မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် တင်သွင်းလာကြောင်း သိရသည်။

"GRAINPRO က တစ်တင်းခွဲဝင်အိတ် ၄၅၄၇၀ ဝယ်ထားပါတယ်။ တစ်တန်အိတ်တွေက ၅၅၄၈ အိတ် ဝယ်ယူထားပါတယ်။ နောက်ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုမှာ ဖြန့်ဖြူးသွားမှာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်စသည့် တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုမှ မျိုးသန့်ခြံများကို ပထမဦးစားပေးအနေဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး အဆိုပါခြံများရှိ ဝန်ထမ်းနှင့် အရာရှိများကို မျိုးစေ့သိုလှောင်သိမ်းဆည်းသည့် လေလုံပိတ်အိတ်များ သုံးစွဲပုံအဆင့်ဆင့်ကို ပညာပေးများ ပြုလုပ်မည့်အပြင် လယ်သမားများကိုလည်း အလျဉ်းသင့်သလို မျိုးစေ့သိုလှောင်လေလုံပိတ်အိတ်အကြောင်း ပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအိတ်တွေကို ကျွန်တော်တို့ သုံးစွဲလာတာ ၁၃ နှစ်ရှိပြီ၊ ဘာမှမဖြစ်ဘူး။ ကြည့်လိုက်ရင်တော့ ဈေးကြီးတယ်။ အဆောက်အအုံဆောက်သလောက် ကုန်တယ်လို့ ထင်ရပေမယ့် ဒီအိတ်တွေက ဘယ်နေရာမဆိုသယ်သွားလို့ရတယ်။ ရာသီဥတုဘယ်လောက်ဆိုးပါစေ ခံနိုင်တယ်၊ လေဒဏ်မိုးဒဏ် ခံနိုင်တယ်၊ ပျက်စီးဆုံးရှုံးမှုမရှိဘူး"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်က ပြောသည်။


**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**


### အောက်တိုဘာ ၁၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ မိန်းကလေးနေ့ ကျင်းပမည်


စာမျက်နှာ ၄ »»


### ပို့ကုန်ဖွံ့ဖြိုးမှုဖြင့် မြန်မာ့စီးပွား ကြီးစားမြှင့်တင်ကြစို့


စာမျက်နှာ ၆ »»


### ကုန်သွယ်ရေးစစ်ပွဲ၏ အကျိုးဆက် ကမ္ဘာ့စီးပွား တိုးတက်နှုန်း ထိခိုက်နိုင်


စာမျက်နှာ ၁၂ »»





ကြေးမုံ

# ထွန်းသစ်စအခွင့်အလမ်းများဖြင့် ကမ်းလင့်ကြိုဆို

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ (၁၁) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိနေသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အောက်တိုဘာလ ၈ ရက်နေ့တွင် အာဆီယံ-ဂျပန်စင်တာက ကြီးမှူးကျင်းပသည့် မြန်မာ့ပိုးထည်မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ထို့နောက် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှုမြှင့်တင်ရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဆွေးနွေးပွဲတွင် ထွန်းသစ်စမြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ရှည်ကြာလှသည့် အထီးကျန်ဘဝမှ ထွက်လာသည့် မြန်မာနိုင်ငံအနေဖြင့် လုပ်ဆောင်နေဆဲ ပြုပြင်ပြောင်းလဲမှုများသည် သမိုင်းအမွေဟုခေါ်သည့် ပြဿနာများကို အထူးဦးစားပေးကိုင်တွယ်ဖြေရှင်းနေရပါကြောင်း၊ မိမိတို့အနေဖြင့် စိစစ်ဆောင်ရွက်နေဆဲ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေမည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်မည်ဆိုလျှင် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ ကောင်းမွန်စွာလည်ပတ်နိုင်အောင် လုပ်ဆောင်ရမည့်အလုပ်သည် မရှိမဖြစ်လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူများအတွက် ကောင်းမွန်သည့်အနာဂတ်ကို ဖော်ဆောင်ရန် မိမိတို့ အစိုးရသည် မည်သည့်အခြေအနေမှာပင်ဖြစ်ဖြစ် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်ရန် ခိုင်မာစွာသန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအတွက် ကောင်းမွန်သော အနာဂတ်ကိုဖော်ဆောင်နိုင်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည့်အတိုင်း ဖွံ့ဖြိုးတိုးတက်သည့် ဂျပန်နိုင်ငံသို့ရောက်ရှိစဉ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လက်တွဲဆောင်ကြဉ်းနိုင်စေရန်အတွက် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများ၊ အလားအလာကောင်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် နားလည်မှုရှိစွာ ချဉ်းကပ်ဆောင်ရွက်နေသော ဂျပန်နိုင်ငံအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အစောပိုင်းကာလများကတည်းက စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ခရီးစဉ်တွင် မြန်မာနိုင်ငံ၌ စီးပွားရေးဆိုင်ရာ အလားအလာကောင်းများ ပေါ်ထွန်းနေပြီဖြစ်၍ မြန်မာနိုင်ငံ၏ မိတ်ဆွေဖြစ်သည့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်သည့် ကျန်ရှိနေသေးသော ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့်ခရီးသွားများကို မြန်မာနိုင်ငံသို့ ဗီဇာမပါဘဲ လာရောက်နိုင်ပြီဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဝမ်းမြောက်ဖွယ် သတင်းစကားပါးခဲ့သည်။ အခွင့်အလမ်းများ ပြည့်လျှမ်းနေသည့် မြန်မာနိုင်ငံ၏ အခြေအနေတစ်ရပ်နှင့် သက်ဝင်လှုပ်ရှားနေသည့် စီးပွားရေးအခြေအနေများကို မိတ်ဆွေ ဂျပန်နိုင်ငံသားများ ကိုယ်တိုင်ကိုယ်ကျ သိရှိမြင်တွေ့နိုင်အောင် ဖိတ်ခေါ်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အလေးအနက်စဉ်းစားပြီး မည်သည့်နည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်နိုင်မည်တို့ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရေးအပြင် နှစ်နိုင်ငံအကြား ပြည်သူများ၏ ဆက်ဆံရေးမြှင့်တင်ရန်နှင့် ကမ္ဘာ့နိုင်ငံများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း တိုက်တွန်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အရှည်တည်တံ့ခိုင်မြဲသော ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပြီးဖြစ်သည်။ ယခုလက်ရှိဖြစ်ပေါ်တိုးတက်လာသော ထွန်းသစ်စမြန်မာနိုင်ငံ၏ အလားအလာကောင်းများ ပေါ်ထွန်းနေချိန်တွင် မြန်မာနိုင်ငံနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အနာဂတ်ပိုမိုတိုးတက်တောက်ပြောင်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို 5th Green Industry Conference သို့ တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် United Nations Industrial Development Organization (UNIDO) ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ United Nations Convention Center ၌ အောက်တိုဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် 5th Green Industry Conference သို့ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံရှိ စက်မှုလုပ်ငန်းများကိုလည်း ကြည့်ရှုလေ့လာသည်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက United Nations Convention Center၊ Conference Room (1) ၌ ကျင်းပသည့် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး High-Level Plenary Session: Regional Perspetives on Green Industry Policy တွင် ပါဝင်တက်ရောက်၍ စွမ်းအင်ကို အကျိုးရှိရှိ ထိရောက်စွာ အသုံးချရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို တွင်ကျယ်စွာ အသုံးချရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေမည့် စက်မှုလုပ်ငန်းများကို မြှင့်တင်ထူထောင်ရေးဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနသို့ သွားရောက်ပြီး စက်မှုဝန်ကြီး Dr. Uttama Savanayana နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်မှုထုတ်ကုန်များဆိုင်ရာ စံချိန်စံညွှန်းများ၊ စက်မှုသက်မွေးပညာသင်တန်း ကျောင်းအသစ်များနှင့် Testing Lab များ ပူးပေါင်းအကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံပိုင်စက်ရုံများ၊ PPP ပြုလုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် UN Convention Center၊ Meeting Room (D) တွင် UNIDO ၏ Director General Mr. Li Young နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်မှုဝန်ကြီးဌာနမှ UNIDO အထောက်အပံ့ဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ စီမံကိန်းအသစ်များဆိုင်ရာကိစ္စရပ်များ၊ ထပ်မံအဆိုပြုလိုသည့် စီမံကိန်းများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

**ကြည့်ရှုလေ့လာ**

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၄ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Iron & Steel Institute of Thailand (ISIT) သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင် ထုတ်လုပ်မည့် သံမဏိထုတ်ကုန်များအတွက် စံချိန်စံညွှန်း သတ်မှတ်နိုင်ရေးနှင့် အရည်အသွေးစစ်ဆေးသည့် Testing Lab များ တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းပြီး ISIT ရှိ Testing Labs &Equipments များ၊ အရည်အသွေးစစ်ဆေးရန်အတွက် လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများနှင့် Inspection Certificate ပုံစံများ၊ ISIT အဆောက်အအုံအတွင်း တပ်ဆင်ထားရှိသည့် EV Quick Charging Station တို့ကို ကြည့်ရှုလေ့လာသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနလက်အောက်ရှိ Thai Industrial Standard Institute (TISI) သို့ သွားရောက်ကာ တာဝန်ရှိသူများနှင့် Myanmar Industrial Standard Body အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့် စက်ရုံများအတွက် ပံ့ပိုးပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည့် AAPICO Hitech Public Co., Ltd.မှ မော်တော်ယာဉ် အစိတ်အပိုင်းများ ထုတ်လုပ်လျက်ရှိသော Forging နှင့် Machine Shop များအား လည်းကောင်း၊ မော်တော်ယာဉ်ဖရိမ်အဆင့်ဆင့် တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် Frame Assembly Line တို့အား လည်းကောင်း ကြည့်ရှုလေ့လာသည်။

ထို့နောက် ထိုင်းနိုင်ငံ Rayoung မြို့ရှိ MILLCON Steel Public Co., Ltd. ၏ သံရည်ကျိုလုပ်ငန်းများနှင့် Steel Rolling Mill သို့ သွားရောက်ကြည့်ရှုရာ ဦးစွာတာဝန်ရှိသူများက ကုမ္ပဏီအကြောင်းနှင့် စက်ရုံ၏ ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီးနောက် စက်ရုံရှိ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ Kobel Steel နှင့် ဖက်စပ် ဆောင်ရွက်လျက်ရှိသော KOBELCO MILLCON Steel စက်ရုံထုတ်လုပ်မှု၊ ရောင်းချမှု၊ ဈေးကွက်အခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့ပြီး စက်ရုံအတွင်း Steel Wire Rod အရွယ်အစားအမျိုးမျိုး ထုတ်လုပ်နေမှုများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးရွာအဆင့် စောင့်ကြည့်ကြီးကြပ်ရေးသင်တန်း ပူတာအိုတွင် ဖွင့်လှစ်

**ပူတာအို အောက်တိုဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း ကျေးရွာအဆင့် စောင့်ကြည့်ကြီးကြပ်ရေးသင်တန်းကို အောက်တိုဘာ ၈ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့နယ် ထူးဆန်းကျေးရွာ၌ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း ပူတာအိုမြို့နယ် လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းတွင် နမ်ထွမ်ခူး၊ ပမ္မတီး၊ ပူတောင်းနှင့် မန်စေခွန် ကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၃၃ ရွာမှ စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဝင် ၃၆ ဦးကို သင်ကြားပေးခဲ့ပြီး ကော်မတီဝင်များ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာ၌ စောင့်ကြည့်ကြီးကြပ်ခြင်း၏ သဘောတရားအကြောင်းကို သိရှိရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်(ငါန်းဇွန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၉**

ရန်ကုန်(ရွှေဈေး) ၉၉၇၅၀၀ - ၉၉၇၅၀၀ မန္တလေး(ရွှေဈေး) ၉၉၇၅၀၀ - ၉၉၇၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၁၀၇၅/၁၀၈၅ ကျပ်၊ | ၁၁၁၀/၁၁၂၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၅/၁၁၀၅ ကျပ်၊ | ၁၁၆၀/၁၁၇၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၁၀၄၅/၁၀၅၅ ကျပ်၊ | ၁၁၁၀/၁၁၂၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၈၅/၁၁၀၀ ကျပ်၊ | ၁၁၂၅/၁၁၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၇၀/၁၀၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၈၅/၁၀၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၁၀၂၅/၁၀၃၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၂၉. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၇. ၁၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၅. ၇၆၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၂. ၀၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၂၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၃၂. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂. ၇၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၆. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၇. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်




Soccer Event အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၊ U-17 ဘောလုံးအသင်း ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**✪ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ဂျပန်-မဲခေါင် ပါလီမန်ချစ်ကြည်ရေးအသင်းက Hotel New Otani ၌ တည်ခင်းဧည့်ခံသည့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၏ အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက်သည်။

**ပူးပေါင်းဆောင်ရွက်ရေး**

အလုပ်သဘော နံနက်စာစားပွဲသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုံ၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဂျပန်-မဲခေါင် ပါလီမန်ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နံနက်စာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့အတူ ဂျပန်နှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

**တွေ့ဆုံနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့နှင့်အတူ Soccer Event အခမ်းအနားနှင့် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ရောက်ရှိရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

Soccer Event အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့သည် မဲခေါင်ဒေသတွင်းနိုင်ငံများမှ ဘောလုံးအဖွဲ့ချုပ်များဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့မှ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများနှင့် U-17 အသင်းခေါင်းဆောင်များအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ခဲ့ကြပြီး အမှတ်တရလက်ဆောင်အဖြစ် ဘောလုံးများ ပေးအပ်ကြသည်။

**ပိုမိုမြင့်မားလာမည်**

ဂျပန်နှင့် မဲခေါင်ဒေသတွင်းနိုင်ငံများ ပိုမိုချစ်ကြည်ရင်းနှီးမှု ရရှိစေရန်အတွက် ယခုကဲ့သို့ ဘောလုံးအားကစားဖြင့် ဆက်ဆံပူးပေါင်းဆောင်ရွက်ခြင်းသည် များစွာအကျိုးရှိပြီး ဂျပန်-မဲခေါင် U-17 ပြိုင်ပွဲကဲ့သို့သော ဖိတ်ခေါ်ပြိုင်ပွဲများဖြင့် ဒေသတွင်းနိုင်ငံများ ပိုမိုချစ်ကြည်ရင်းနှီးမှုရရှိလာသည့်အပြင် မဲခေါင်ဒေသတွင်း ဘောလုံးအားကစားအဆင့်အတန်းလည်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။

ထို့နောက် ဂျပန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များအား အမှတ်တရအကျႌများ ပြန်လည်ပေးအပ်ပြီး မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ပါဝင်ဆွေးနွေး**

ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာနှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုံတို့ ပါဝင်ဆွေးနွေးကြသည်။

**စာမျက်နှာ ၄ သို့ »»**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍ ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်စဉ်။

»» စာမျက်နှာ ၃ မှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပါဝင်ဆွေးနွေးရာတွင် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေး၏ "တိုကျိုမဟာဗျူဟာ ၂၀၁၅ (၂၀၁၅-၂၀၁၈) - အရ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို သုံးသပ်ဆွေးနွေးပြီး အနာဂတ်တွင် ဆောင်ရွက်မည့် အစီအစဉ်များ၊ အထူးသဖြင့် မဲခေါင်နိုင်ငံများအကြား သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍများအပါအဝင် အခြားသော ကဏ္ဍများ၏ အခြေခံအဆောက်အအုံများ ပေါင်းစည်းဆက်နွယ်မှုတိုးမြှင့်ရေး၊ မဲခေါင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား စက်မှု ကုန်ထုတ်လုပ်မှုဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်သွားရေး၊ "ပြည်သူအခြေပြု အသိုက်အဝန်း" တစ်ခု ထူထောင်သွားရေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် နိုင်ငံတကာ အရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

### အတည်ပြုထုတ်ပြန်ကြေညာ

ယင်းနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် မဲခေါင်-ဂျပန် နိုင်ငံ့ခေါင်းဆောင်များက Tokyo Strategy 2018 for Mekong-Japan Cooperation ကို အတည်ပြုကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယခုထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များသည် ၂၀၁၉-၂၀၂၂ ခုနှစ် ကာလအတွက် ပူးပေါင်းဆောင်ရွက်မှုမူဘောင်အဖြစ် **"တိုကျိုမဟာဗျူဟာ ၂၀၁၈ (၂၀၁၉ -၂၀၂၂)"** ကို အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

### ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြ

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့သည် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြပြီး (၁၀) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများကို နိုင်ငံအလိုက် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဲခေါင်အဖွဲ့ဝင်နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ Hotel New Otani Tokyo ၌ ကျင်းပသည့် စီးပွားရေးအဖွဲ့အစည်းများနှင့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

### အလုပ်သဘော နေ့လယ်စာစားပွဲ

အလုပ်သဘော နေ့လယ်စာစားပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။



မြန်မာ-ဂျပန် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ဆွေးနွေးကြစဉ်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ JETRO က **"Asia's New Value Chain Hub"** ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဂျပန်-မဲခေါင် စီးပွားရေးဖိုရမ်သို့ တက်ရောက်သည်။

အဆိုပါ ဂျပန်-မဲခေါင် စီးပွားရေးဖိုရမ်သို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံနှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

ဖိုရမ်တွင် JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E.Mr. Hiroshige Seko တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နန်းတော်သို့ ရောက်ရှိကြပြီး လက်ဖက်ရည်သုံးဆောင်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

### မြန်မာ-ဂျပန် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေး

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် မြန်မာ-ဂျပန် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံ တွေ့ဆုံပွဲတွင် ဆွေးနွေးခဲ့မှုများနှင့် ဆွေးနွေးပွဲရလဒ်များကို ရှင်းလင်းပြောကြားကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဂျပန်နိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်ဧည့်ဂေဟာ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ညစာ ကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

# အောက်တိုဘာ ၁၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ မိန်းကလေးနေ့ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ၌ အောက်တိုဘာ ၁၁ ရက်တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် PLAN International Myanmar တို့ ပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့ အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာမိန်းကလေးများနေ့ကို ကမ္ဘာ့ကုလသမဂ္ဂက ၂၀၁၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်မှ ပထမဦးဆုံးအကြိမ် စတင်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှာရှိသည့် မိန်းကလေးများ၏ ခေါင်းဆောင်နိုင်မှုစွမ်းအား၊ အောင်မြင်မှုစွမ်းရည် ပညာသင်ကြားခွင့်စသည့် မိန်းကလေးများ ရသင့်ရထိုက်သော အခွင့်အရေးများကို ပြည်သူလူထုသိရှိစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"လူမှုအသိုင်းအဝိုင်းက မိန်းကလေးတွေကို နှစ်ပေါင်းများစွာ ခွဲခြားဆက်ဆံလာတာ ကြာလာတဲ့အခါ အခုအချိန်မှာဆိုရင် သူတို့ဟာ ခွဲခြားဆက်ဆံခံနေရတယ်ဆိုတာတောင် မသိတော့လောက်အောင် နေသားကျနေပါတယ်။ ဒီလိုခေတ်နောက်ပြန်ဆွဲတဲ့ အခြေအနေတွေ၊ ဖြစ်လာတဲ့အခါမှာ မိန်းကလေးတွေက ကိုယ်တိုင်ယုံကြည်တဲ့ စိတ်ဓာတ်တွေ၊ လေ့လာနိုင်တဲ့၊ ခေါင်းဆောင်နိုင်တဲ့ စွမ်းရည်တွေ ကျဆင်းသွားတဲ့အခါမှာ ကျွန်မတို့ တိုင်းပြည်ရဲ့ တိုးတက်မှုကို နှောင့်နှေးစေပါတယ်။ အခုချိန်ကစပြီးတော့ မိန်းကလေးတွေကို တန်းတူပညာသင်ကြားခွင့်ရအောင်၊ ခေါင်းဆောင်ခွင့်ရအောင် လူတိုင်း ဆောင်ရွက်ပေးသင့်တယ်လို့ ယုံကြည်ပါတယ်" ဟု PLAN International Myanmar ၏ ဒါရိုက်တာ ဒေါ်လင်းလင်းအောင်က ပြောသည်။

ကျားမတန်းတူအခွင့်အရေးလှုပ်ရှားမှုကို အများပြည်သူသိရှိနိုင်စေရန် အောက်တိုဘာ ၉ ရက် နံနက် ၇ နာရီမှစတင်ပြီး မြေနီကုန်း၊ လှည်းတန်း၊ ဆူးလေကားမှတ်တိုင်၊ ရန်ကုန်ဘူတာကြီး၊ အင်းစိန်ဘူတာ၊ တညင်းကုန်းဘူတာများတွင်လည်း လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြောင်း PLAN International Myanmar မှ သိရသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၁ ရက်ကို အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့အဖြစ်သတ်မှတ်ပေးခဲ့ပြီး ကမ္ဘာတစ်ဝန်း၌ အဆိုပါနေ့ရက်တွင် အခမ်းအနားများ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် လွှတ်တော်၌ အမျိုးသမီးများပါဝင်မှု ၂၀ ရာခိုင်နှုန်းရှိသော်လည်း ကျေးရွာအဆင့်အုပ်ချုပ်မှုကဏ္ဍတွင် အမျိုးသမီး ပါဝင်မှုမှာ သုည ဒသမ ၁ ရာခိုင်နှုန်းသာရှိသေးကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် သက်ငယ်မုဒိမ်းမှု ၁၅၀၀ ကျော်ဖြစ်ပွားခဲ့ပြီး အသက် နှစ်နှစ်မှ ၁၄ နှစ်အထိ ကလေးသူငယ်မိန်းကလေး ၇၇ ရာခိုင်နှုန်းသည် အကြမ်းဖက်သည့် နည်းလမ်းအမျိုးမျိုးကို တွေ့ကြုံခံစားနေရကြောင်း၊ အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်း မိန်းကလေး ၁၃ ဒသမ ၁ ရာခိုင်နှုန်းသည် အကြမ်းဖက်ခံရကြောင်းနှင့် သုည ဒသမ ၄ ရာခိုင်နှုန်းသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံစားကြုံတွေ့နေကြရကြောင်း PLAN International Myanmar ၏ စာရင်းဇယားအရ သိရသည်။

"မြန်မာနိုင်ငံမှာ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအနေနဲ့က ပြည်ပနိုင်ငံတွေလောက် မများဘူးဆိုပေမယ့် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကတော့ တော်တော်လေး ခံနေရပါတယ်။ မိဘတွေ၊ ဆရာတွေ၊ ခေါင်းဆောင်တွေနဲ့ အသိပညာပေးလိုက်ရင် တစ်ချိန်ချိန်မှာ ပပျောက်သွားမယ်လို့ မျှော်လင့်ယုံကြည်တယ်" ဟု ဒေါ်လင်းလင်းအောင်က ပြောသည်။

မိန်းကလေးများ ရသင့်ရထိုက်သည့် လူ့အခွင့်အရေး၊ ပညာသင်ကြားခွင့်၊ ခေါင်းဆောင်ခွင့်များကို ရရှိနိုင်အောင်၊ မိမိတို့ပတ်ဝန်းကျင်မှ လုံခြုံစိတ်ချသည့် ဘဝများ ဖန်တီးပေးနိုင်အောင် အဓိကထားပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အောက်တိုဘာ ၉ ရက် U-report ၏ လူမှုကွန်ရက် စစ်တမ်းကောက်ယူမှုအရ လူဦးရေ ၂၁၈၉ ဦးကို စစ်တမ်းကောက်ယူကြည့်ရာ အပြည်ပြည်ဆိုင်ရာမိန်းကလေးများနေ့ကို သိရှိလားဆိုသည့် မေးခွန်းကို မေးမြန်းရာ မသိပါဘူးဟု ဖြေဆိုသူ ၈၅ ရာခိုင်နှုန်းရှိပြီး၊ သိပါတယ်ဟု ဖြေဆိုသူ ၁၅ ရာခိုင်နှုန်း၊ လုံခြုံမှုရှိလား၊ မလုံခြုံဘူးလားဟု မေးမြန်းရာတွင် မလုံခြုံဘူးဟု ဖြေဆိုသူ ၅၂ ရာခိုင်နှုန်း၊ လုံခြုံသည်ဟုဖြေဆိုသူ ၄၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မလုံခြုံသည့်နေရာများကို မေးမြန်းရာတွင် မြို့ပြင်မှာ၂၇ ရာခိုင်နှုန်း၊ မြို့တွင်းမှ ၂၀ ရာခိုင်နှုန်း၊ ပြည်သူသယ်ယူပို့ဆောင်ရေးနေရာများတွင် ၁၈ ရာခိုင်နှုန်း၊ ကားမှတ်တိုင်များတွင် လုံခြုံမှုမရှိခြင်း ရှစ်ရာခိုင်နှုန်း၊ အိမ်မှာ တစ်ရာခိုင်နှုန်း၊ ကျောင်းနှင့်တက္ကသိုလ်များတွင် သုံးရာခိုင်နှုန်း၊ အများပြည်သူနှင့်ဆိုင်သော နေရာများတွင် ၁၀ ရာခိုင်နှုန်း၊ အခြားနေရာများတွင် ၁၄ ရာခိုင်နှုန်းနှင့် အကြမ်းဖက်မှုခံစားနေရလားဟု မေးမြန်းရာတွင် တွေ့ကြုံသည်ဟု ဖြေကြားသူ ၃၄ ရာခိုင်နှုန်း၊ မတွေ့ကြုံဘူးဟု ဖြေဆိုသူ ၆၆ ရာခိုင်နှုန်း၊ တွေ့ကြုံခံစားရသူများကို ထပ်မံမေးကြည့်ရာ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခံရ ၂၈ ရာခိုင်နှုန်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်ခြင်း ၂၇ ရာခိုင်နှုန်း၊ ခန္ဓာကိုယ်ထိခိုက်နာကျင်စေခြင်း ၁၆ ရာခိုင်နှုန်း၊ လူမှုကွန်ရက်က နှောင့်ယှက်ခြင်း ၁၃ ရာခိုင်နှုန်း၊ လူမှုကွန်ရက်ကအနိုင်ကျင့်ခံရခြင်း ခြောက်ရာခိုင်နှုန်း၊ အခြား ၁၀ ရာခိုင်နှုန်း၊ ဘယ်သူတွေက နှောင့်ယှက်မှုအများဆုံးလဲဟု မေးကြည့်ရာတွင် အခြား ၄၂ ရာခိုင်နှုန်း၊ ချစ်သူရည်းစား အိမ်ထောင်ဖက်က နှောင့်ယှက်ခြင်း ၄၀ ရာခိုင်နှုန်း၊ အလုပ်ရှင်က ၁၄ ရာခိုင်နှုန်း၊ မိဘအုပ်ထိန်းသူက သုံးရာခိုင်နှုန်း၊ ဆရာ ဆရာမများက တစ်ရာခိုင်နှုန်းဖြစ်ကြောင်း U-report ၏ စစ်တမ်းအရ သိရသည်။

**SMW**

**လူငယ် ကဏ္ဍ**

■ **လူငယ်တွေရဲ့ တွေးခေါ်မြော်မြင်မှုတွေ မြင့်မားလာအောင် စာကြည့်တိုက်ယဉ်ကျေးမှု၊ သုတေသနယဉ်ကျေးမှုတွေ ထွန်းကားလာရေးကို ဆောင်ရွက်ပေးပြီး ကျန်းမာကြံ့ခိုင်တဲ့၊ ပညာရည်မြင့်မားတဲ့ မျိုးဆက်သစ်တွေ မွေးထုတ်နိုင်အောင် အလေးပေးဆောင်ရွက်နေပါတယ်။**

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*

**☆ (၇၃)ကြိမ်မြောက်မှ**
ဆီနိတ်တာ Hon. Jeff Merkley၊ အမေရိကန်သမ္မတ အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ အာရှရေးရာ အကြီးတန်းညွှန်ကြားရေးမှူး Mr. Matthew Pottinger၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဥက္ကဋ္ဌ Mr. Peter Maurer နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener တို့နှင့် သီးခြားစီတွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် စက်တင်ဘာ ၂၄ ရက်တွင် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံများအကြား အလွတ်သဘော သုံးပွင့်ဆိုင်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wan Yi၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Abul Hassan Mahmood Ali၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. António Guterres နှင့် အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener တို့ တက်ရောက်သည်။

**အမြန်ဆုံးလက်ခံရန် အဆင်သင့်ရှိ**

ဆွေးနွေးပွဲတွင် အချက်သုံးချက်ပါ သဘောတူညီမှု ရရှိခဲ့ရာတွင် ၎င်းတို့မှာ ရခိုင်အရေးကိစ္စအား မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ခင်မင်ရင်းနှီးစွာဖြင့် အကြံပြုဆွေးနွေးမှုများမှတစ်ဆင့် စေ့စပ်ညှိနှိုင်းသည့် နည်းလမ်းဖြင့် မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်သွားရန်၊ မြန်မာဘက် စိစစ်ပြီးသူများအနက်မှ မိမိသဘောဆန္ဒအလျောက် ပြန်လာလိုသူများကို ပထမအသုတ်အဖြစ် အမြန်ဆုံးလက်ခံရန် အဆင်သင့်ရှိပြီးဖြစ်ရာ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ပို့ဆောင်ရေး ဆောင်ရွက်သွားရန်နှင့် အဆိုပါ ပထမအသုတ်ကို အစောဆုံးပြန်လည်ပို့ဆောင်နိုင်ရေးနှင့် ပြန်လည်လက်ခံရေးအတွက် လမ်းပြမြေပုံနှင့် အချိန်ဇယားရေးဆွဲနိုင်ရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့အကြား ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးကို အမြန်ဆုံးကျင်းပရန်တို့ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေသည် စက်တင်ဘာ၂၄ ရက် ညနေပိုင်းတွင် အမေရိကန်သမ္မတက တည်ခင်းဧည့်ခံသည့် ဧည့်ခံပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်အတူ ယင်းနေ့ နေ့လယ်ပိုင်းတွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Rt. Hon. Jeremy Hunt MP နှင့် ပြင်သစ်နိုင်ငံ ဥရောပနှင့်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Jean-Yves Le Drian တို့က ကြီးမှူးကျင်းပသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် (၇၃) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒဆွေးနွေးပွဲသို့ တက်ရောက်ပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အထူးကိုယ်စားလှယ်အဖြစ် ကျူးဘားနိုင်ငံ ဟာဗားနားမြို့သို့ အောက်တိုဘာ ၂ ရက်မှ ၅ ရက်အထိ ဆက်လက်သွားရောက်သည်။

ကျူးဘားနိုင်ငံခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ကျူးဘားနိုင်ငံ ဒုတိယသမ္မတ (Vice-President of Council of State and Ministers) H.E. Ms. Ines Maria Chapman Waugh အား အောက်တိုဘာ ၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် သွားရောက်ဂါရဝပြု တွေ့ဆုံခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ အထူးကိုယ်စားလှယ်အဖြစ် လာရောက်ခြင်း၏ ရည်ရွယ်ချက်၊ မြန်မာ-ကျူးဘား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အထူးသဖြင့် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် နှစ်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ကျူးဘားနိုင်ငံခြားရေး ဝန်ကြီး H.E. Mr. Bruno Rodriguez Parrilla အား အောက်တိုဘာ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံသည်။ ဝန်ကြီးများသည် မြန်မာ-ကျူးဘား နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ဆောင်ရွက်ရေးအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မည့်နည်းလမ်းများ ရှာဖွေရေး၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ကျူးဘားပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mrs. Marcia Cobas Ruiz အား အောက်တိုဘာ ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် ကျန်းမာရေးကဏ္ဍတွင် မြန်မာ၊ ကျူးဘားနှင့် တတိယနိုင်ငံပါဝင်သည့် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ယင်းသို့ဆောင်ရွက်ရာတွင် ဦးစားပေးဆောင်ရွက်နိုင်မည့်ကဏ္ဍ၊ လုပ်ငန်းများ၊ သုတေသနလုပ်ငန်းများသတ်မှတ်ရေး၊ သုတေသီများနှင့် ပညာရှင်များအတွက် သင်တန်းများပေးရေး၊ ဆေးဝါးထုတ်လုပ်မှု၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဟာဗားနားမြို့ရှိ The Centre of Genetic Engineering and Biotechnology သို့ သွားရောက်၍ သက်ဆိုင်ရာဌာန အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးသည်။ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျူးဘားနိုင်ငံ The Centre of Genetic Engineering and Biotechnology တို့အကြား မြန်မာဆေးဝါး သုတေသီများအတွက် သင်တန်းများ၊ ကင်ဆာရောဂါကုသမှုအတွက် ဆေးဝါးများ သုတေသနပြုမှုနှင့် ထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရန်၊ ဆေးဝါးထုတ်လုပ်မှုတို့အပါအဝင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဟာဗားနားမြို့ရှိ Jose Marti အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နယူးယောက်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် နယူးယောက်မြို့ နိဝါခ်လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကျူးဘားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Bruno Rodriguez Parrilla နှင့် တွေ့ဆုံနှုတ်ဆက်စဉ်။**

အလားတူ မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကိုယ်ခွဲခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် နယူးယောက်မြို့တွင် ကျင်းပသည့် (၇၃) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီးနောက် အောက်တိုဘာ ၃ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အထွေထွေညီလာခံ အဆင့်မြင့်ကာလအတွင်း နော်ဝေးနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Nikola Astrup နှင့်အတူ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် နယူးယောက်မြို့ရှိ နော်ဝေးသံရုံး၌ ကျင်းပသည့် နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန ယူနီဆက်နှင့် တယ်လီနောတို့က ပူးတွဲကျင်းပသည့် Digitalization People's Lives: 2030 Agenda in Action" ကို ပူးတွဲသဘာပတိအဖြစ် ဦးဆောင်ကျင်းပပေးခဲ့သည်။ အဆိုပါ အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အဆင့်မြင့်ကာလအတွင်း ကျင်းပခဲ့သည့် Global Call to Action on the World Drug Problem၊ High-Level Event on Action for Peacekeeping၊ United to end tuberculosis: an urgent global response to Global epidemic ခေါင်းစဉ်ဖြင့်ကျင်းပသည့် တီဘီရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေး၊ Security Council Briefing on DPRK၊ (၅) ကြိမ်မြောက် အာဆီယံ-ပစိဖိတ် မဟာမိတ်ဝန်ကြီးများအဆင့် အစည်းအဝေး၊ အာဆီယံ-အမေရိကန် ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးနှင့် အာဆီယံဝန်ကြီးများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အထွေထွေညီလာခံ သဘာပတိတို့အကြား အစည်းအဝေးတို့ကို တက်ရောက်ခဲ့သည်။

**တွေ့ဆုံဆွေးနွေး**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Pattern၊ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Virginia Gamba၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီဖက်ဒရေးရှင်း လက်ထောက်အတွင်းရေးမှူးချုပ် (Under Secretary General) Dr. Jemilah Mahmood၊ Asia Society Policy Institute (ASPI) မှ Ms. Debra Eisenman၊ Managing Director တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပသည့် Nelson Mandela နှစ် (၁၀၀) ပြည့် မွေးနေ့ ဂုဏ်ပြုအခမ်းအနားသို့လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲအခမ်းအနားသို့လည်းကောင်း တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စက်တင်ဘာ ၂၆ ရက်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများချုပ်ဆိုပွဲ အခမ်းအနား၌ နျူကလီးယားလက်နက်ပိတ်ပင်တားဆီးရေးဆိုင်ရာ စာချုပ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား လက်မှတ်ရေးထိုးသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အောက်တိုဘာ ၁ ရက်တွင် နယူးယောက်မြို့ မြန်မာအဖွဲ့ရုံး၌ ကျင်းပသည့် မြန်မာနိုင်ငံရှိ ရေဘေးအလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် နယူးယောက်အခြေစိုက် မြန်မာလူမှုအဖွဲ့အစည်းများ ပါဝင်သည့် National Humanitarian Fundraising For Myanmar (NHFMM) အဖွဲ့ကိုယ်စား မြန်မာ-အမေရိကန် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးဝီလျံစူး (ခေါ်) ဦးသိန်းဟန်က မြန်မာနိုင်ငံမှ ရေဘေးဒုက္ခသည်များအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၁၅၀၀၀ ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပသော ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်၏ တွေ့ဆုံမေးမြန်းမှုကိုလည်း လက်ခံဖြေကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

**○ ဆိုင်ကလုန်းမုန်တိုင်းမှ**
လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၄ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၇ ဒသမ ၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းဖြစ်၍ အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုထားသည်။ **မိုး/ဇလ**

# ပို့ကုန်ဖွံ့ဖြိုးမှုဖြင့် မြန်မာ့စီးပွား ကြိုးစားမြှင့်တင်ကြစို့

■ Dr.မောင်အောင်

ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ကိုရှုမျှော်သည့်မူဝါဒကျင့်သုံးနေသည့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးဆိုင်ရာ အပြောင်းအလဲများကြောင့် စီးပွားရေးရိုက်ခတ်မှုများ ကြုံတွေ့နေရသည်။ လတ်တလောကာလတွင် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု လျော့ကျလာနေသလို ကမ္ဘာသုံးငွေကြေး အမေရိကန်ဒေါ်လာစီးထွက်နေမှုကို ကန့်သတ်လာသည့်အတွက်လည်း နိုင်ငံတိုင်းလိုလို ဒေါ်လာဈေးနှုန်းတက်လာမှုများလည်း ရှိနေပြီဖြစ်သည်။ ဒေါ်လာဈေးနှုန်းမြင့်တက်လာမှုသည် သွင်းကုန်ဈေးနှုန်းများကို မြင့်တက်စေသည့်အတွက် ယခင်ကထက် သွင်းကုန်တန်ဖိုးများ မြင့်တက်လာမှုမှတစ်ဆင့် ပြည်တွင်းထုတ်လုပ်မှုစရိတ်များတက်ခြင်း၊ သယ်ယူပို့ဆောင်စရိတ်တက်ခြင်းတို့အပြင် တင်သွင်းလာသည့် လူသုံးကုန်ပစ္စည်းဈေးနှုန်းမြင့်တက်မှုကြောင့် အထွေထွေကုန်ဈေးနှုန်းမြင့်တက်လာမှုကို ဖြစ်စေသည်။ ကုန်သွယ်မှုရှင်းတမ်းအနေဖြင့်ကြည့်လျှင် လိုငွေပြမှုပမာဏ ယခင်ကထက် လျော့နည်းလာသော်လည်း သွင်းကုန်တန်ဖိုးက ပို့ကုန်တန်ဖိုးထက် မြင့်နေသေးမှုကြောင့် ကုန်သွယ်မှုလိုငွေဖြစ်နေခြင်းကို အမြန်ဆုံးကုစားနိုင်သည့်နည်းလမ်းများ ရှာဖွေဖြေရှင်းရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် သွင်းကုန်ကို အရေးကြီးသည့်သွင်းကုန်(essential import) နှင့် အရေးမကြီးသည့်သွင်းကုန်(non - essential import) ဟူ၍ခွဲခြားပြီး ဘက်ညီစေရန် လျှော့ချလိုက်လျှင်လည်း အရေးမကြီးသည့်သွင်းကုန်လျှော့ချမှုနှင့်သာ ဖြစ်နိုင်ပေသည်။ ဈေးကွက်စီးပွားရေးစနစ်ဖြစ်၍ ပိတ်ပင်တားမြစ်သည့်နည်းလမ်းသုံးခြင်းထက် ပို၍ထုတ်လုပ်တင်ပို့နိုင်ရန် အားပေးခြင်းက ပို၍ဆီလျော်ပါသည်။ ထို့အတွက် ပို၍ကောင်းသည့်နည်းလမ်းမှာ မြန်မာငွေကျပ်တန်ဖိုး ကျဆင်းလာမှုကြောင့် ဈေးချိုလာသည့် မြန်မာပို့ကုန်များ တိုးချဲ့နိုင်ရေးနည်းလမ်းသည် လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးအကျပ်အတည်းများမှ ရုန်းထွက်နိုင်သည်သာမကဘဲ ရေရှည်တိုးတက်မှုကိုပါ ဖော်ဆောင်နိုင်သည့်အတွက် အထူးအလေးပေးသင့်ပေသည်။

လက်ရှိ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အုပ်ချုပ်နေသည့်ကာလအတွင်း ကမ္ဘာလုံးဖြန့်ကြက်ထုတ်လုပ်မှုနှင့် လွတ်လပ်သည့်ကုန်သွယ်မှုစနစ်ကို ဆန့်ကျင်ကာ ကိုယ်ကျိုးစီးပွားအကာအကွယ်ပေးရေးမူဝါဒကြောင့် ယခုအခါ အမေရိကန်သို့တင်ပို့သော ကုန်စည်များအပေါ် အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း သွင်းကုန်ခွန်ကောက်ခံလာမှုကို အခြားကုန်သွယ်ဖက်နိုင်ငံများမှလည်း အပြန်အလှန်အခွန်ကောက်ခံလာ၍ ကုန်သွယ်မှုစစ်ပွဲဆင်နွှဲနေကြခြင်းဖြစ်သည်။ ထို့အပြင် အမေရိကန်နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် ကမ္ဘာအရပ်ရပ်ရှိ အမေရိကန်ပိုင် စက်မှုလုပ်ငန်းများကိုလည်း အမေရိကန်သို့ပြန်လာရန် လုပ်ဆောင်မှုများလည်း ရှိနေပြီဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အမေရိကန်၏ ကုန်သွယ်ရေးစစ်ပွဲသည် ကာလတိုအတွင်း ရပ်သိမ်းမည်မဟုတ်သည့်အတွက် အမေရိကန်ဒေါ်လာဈေးနှုန်းသည်လည်း အတက်ဘက်တွင်သာ ရှိနေဦးမည်ဖြစ်သည်။

**ပို့ကုန်ဖွံ့ဖြိုးမှုဆောင်ရွက်ရန် အသင့်တော်ဆုံးအချိန်**

ဒုတိယကမ္ဘာစစ်အပြီး ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် ဂျပန်မှစပြီး အာရှ၏ ကျားလေးကောင်ဖြစ်သည့် စင်ကာပူ၊ ဟောင်ကောင်၊ ကိုရီးယား၊ ထိုင်ဝမ်တို့အပြင် တိုးတက်မှုအမြန်ဆုံး တရုတ်နိုင်ငံအထိ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၏ အခြေခံအကြောင်းအရင်းမှာ အဆိုပါနိုင်ငံများ၏ ပို့ကုန်ဖွံ့ဖြိုးမှုကြောင့်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ (Export Led Growth Model - ELG) ကို ဇောင်းပေးအကောင်အထည်ဖော်ခြင်းကြောင့်ပင် ဖြစ်သည်။ ပို့ကုန်ဖွံ့ဖြိုးမှုဆိုသည်မှာ ပို့ကုန်အမည်အရေအတွက်တိုးတက်မှုသာမကဘဲ ပို့ကုန်များ၏အရည်အသွေး တိုးတက်မှုကိုပါ ဆိုလိုပါသည်။

အထူးသဖြင့် ပို့ကုန်များကို အခြေခံမူလထုတ်ကုန်များ တင်ပို့နေမှုများအား ထပ်ဆင့်ပြုပြင်ခြင်းလုပ်ငန်းများဖြင့် တန်ဖိုးမြင့်တက်အောင်ပြုလုပ်ပြီး တင်ပို့ခြင်းပင်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်ပြီး ပို့ကုန်နှင့်ဆက်စပ်နေသည့် စက်မှုလုပ်ငန်းသစ်များ (export oriented industries)တည်ထောင်စေခြင်းဖြင့် ပို့ကုန်တန်ဖိုး သိသာစွာ တိုးလာသလို စက်မှုလုပ်ငန်းသစ်များပေါ်ထွန်းလာ၍ အုံနှင့်ကျင်းနှင့် အလုပ်အကိုင်အခွင့် အလမ်းများရရှိနိုင်ပြီး နည်းပညာသစ်နှင့် စီမံအုပ်ချုပ်မှုနည်းလမ်းကောင်းများကိုလည်း ရရှိစေမည်ဖြစ်သည်။ ပို့ကုန်ဖွံ့ဖြိုးမှု (သို့မဟုတ်) ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံအကောင်အထည်ဖော်ဆောင်ရေးအတွက် အရေးအပါဆုံးအချက်မှာ ပြည်တွင်းငွေတန်ဖိုးနိမ့်ကျစေရန် လိုအပ်ပေသည်။ သို့မှသာ ပို့ကုန်ဈေးနှုန်းချိုသာမှုကြောင့် ဝယ်လိုအားကို တိုးပွားစေမည်ဖြစ်သည်။ ELG ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပြည်တွင်းငွေတန်ဖိုးနိမ့်ကျမှုနှင့်အတူ ပြည်တွင်းတိုင်းပြည်အဆင့် စီးပွားရေးအခြေအနေတည်ငြိမ်မှုရှိခြင်း၊ ဘတ်ဂျက်လိုငွေ သတ်မှတ်အတိုင်းအတာအတွင်းသာရှိခြင်း၊ ပို့ကုန်နှင့်ဆက်စပ်နေသော ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ ထွန်းကားလာစေရန် ဘဏ္ဍာရေးပံ့ပိုးမှုများ၊ ဥပဒေကြောင်းအရ တွန်းအားပေးမှုများ လုပ်ဆောင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ၌ ရင်းနှီးလာစေရန် အဘက်ဘက်မှအားပေးခြင်း စသည်တို့ မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်သည်။

**ပို့ကုန်ဦးစားပေးနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Export Oriented FDI)**

ELG အကောင်အထည်ဖော်ရေးအတွက် အရေးကြီးဆုံးမှာ ပို့ကုန်နှင့်ဆက်စပ်နေသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်မည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေးပင် ဖြစ်သည်။ ယခုအခါ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်ရေးအတွက် MIC မှ ဖြေလျှော့မှုများနှင့်အတူ ဇောင်းပေးလုပ်ဆောင်နေပြီဖြစ်သည်။ လိုအပ်နေသေးသည့်အချက်မှာ လက်တွေ့မြေပြင်အနေအထားတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပြဿနာများကို တာဝန်ခံ၍ ဖြေရှင်းပေးနိုင်လျှင် လက်တွေ့မြေပြင်ရှိ FDI လုပ်ငန်းများကို အကာအကွယ်ပေးနိုင်မည်ဖြစ်၍ ယုံကြည်မှုပိုမိုတိုးပွားလာမည်ဖြစ်သည်။

သတိပြုရမည့်အချက်မှာ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (Global Supply Chain) နှင့်ဆက်နေသည့် ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများအနေဖြင့် ကမ္ဘာ့ဈေးကွက်ကို အဓိကထားထုတ်လုပ်တင်ပို့ခြင်းဖြစ်၍ အဆင်အပြေဆုံးနေရာဒေသရွေးချယ်ပြီး ရင်းနှီးမြှုပ်နှံလေ့ရှိသည်။ အလိုအပ်ဆုံးမှာ ပင်လယ်ထွက်ပေါက်အတွက် ဆိပ်ကမ်း (sea port) ရှိသည့် နေရာဝန်းကျင်ပင်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ထုတ်လုပ်မှုစရိတ်အားဖြင့်လည်း အသက်သာဆုံးဖြစ်ရန်လိုသလို အထူးသဖြင့် လုပ်အားစရိတ်အနည်းဆုံးဖြစ်ပြီး ရေ၊ လျှပ်စစ်၊ လမ်းပန်းသယ်ယူပို့ဆောင်ရေး အဆင်ပြေသည့်နေရာလည်းဖြစ်ရန်လိုသည်။ ထို့အပြင် အဆိုပါလုပ်ငန်းများသည် ကမ္ဘာလုံးဖြန့်ကြက်ပြီး အချိန်ကိုက်ဆက်သွယ်ဆောင်ရွက်ရ၍ တစ်ကမ္ဘာလုံးနှင့် ဆက်သွယ်မှုအဆင်အပြေဆုံးနေရာလည်း ဖြစ်ဖို့လိုပါသည်။ အထက်ပါအချက်များနှင့်ပြည့်စုံသည့် နေရာဒေသသို့သာ FDI လုပ်ငန်းများ ဦးတည်လာမည်ဖြစ်ပြီး ထိုနေရာတွင်သာ စက်ရုံများ တစုတဝေးတည်း စုစုစည်းစည်း တည်ရှိလာခြင်း (industrial aggromeration) မျိုးဖြစ်သည်။ ဥပမာအားဖြင့် တရုတ်နိုင်ငံတွင် ပင်လယ်ထွက်ပေါက်အဆင်ပြေသည့် ရှန်ဟဲ၊ ရှင်းကျန့်၊ ပီကင်းဝန်းကျင်တွင်သာ အများဆုံးစက်ရုံများတည်ရှိသလို ထိုင်းတွင်လည်း ဘန်ကောက်ဝန်းကျင်တွင်သာ အများဆုံးတည်ရှိပေသည်။ မြန်မာနိုင်ငံအတွက်မူ ရန်ကုန်ဝန်းကျင်သည် ပို့ကုန်အခြေပြု FDI လုပ်ငန်းများ အများဆုံးရှိသလို အလားအလာလည်း အကောင်းဆုံးနေရာပင်ဖြစ်သည်။ လိုအပ်ချက်များ အမြန်ဆုံးဖြည့်စွမ်းပေးနိုင်လျှင် ရန်ကုန်သည် နိုင်ငံတိုးတက်မှုအတွက် အဓိကတိုးတက်မှုဝန်ရိုး (growth pole) ပင်ဖြစ်သည်။

**တန်ဖိုးမြှင့်ပို့ကုန်ဥပဒေ**

တန်ဖိုးမြှင့်ပို့ကုန်များ ပိုမိုထွန်းကားလာရေးအတွက် အဓိကတွန်းအားမှာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး လုပ်ငန်းရှင်တိုင်း အခြေခံပို့ကုန်များကို တန်ဖိုးမြှင့်တက်စေရန် ဆင့်တက်ပြုပြင်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာစေရေးအတွက် ပံ့ပိုးမှုများ၊ ဆွဲဆောင်မှုများပါဝင်သည့် ဥပဒေပြဋ္ဌာန်းပေးရန်ဖြစ်သည်။ ယခင်ကာလများကတည်းက တန်ဖိုးမြှင့်ပို့ကုန်ကိုပြောကြသော်လည်း လုပ်ငန်းရှင်များ လုပ်ချင်လာစေရန် ဥပဒေအရ အားပေးတိုက်တွန်းမှုများမရှိခဲ့၍ သိသာသည့် တိုးတက်မှုမရခဲ့ပေ။ နိုင်ငံတကာ၏ အတွေ့အကြုံများအရ လုပ်ငန်းရှင်တိုင်း လုပ်ချင်လာအောင် ဘဏ္ဍာငွေပံ့ပိုးမည့်အစီအမံများ၊ အတိုးနှုန်းသက်သာခွင့်များ စီမံပေးခြင်း၊ အခွန်အခသက်သာခွင့်များနှင့် ကင်းလွတ်မှုများ စသည်တို့ တရားဝင် ပြဋ္ဌာန်းပေးခြင်းပင်ဖြစ်သည်။

**ပို့ကုန်၊ သွင်းကုန်ဘဏ်**

ကုန်သွယ်မှုသည် တိုးတက်မှု၏ မောင်းနှင်အားဖြစ်သည့်အားလျော်စွာ ကုန်သွယ်မှုကဏ္ဍတိုးတက်စေရေး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၏ ဘဏ္ဍာရေးဆိုင်ရာအခက်အခဲများ အတတ်နိုင်ဆုံး ပံ့ပိုးဖြေရှင်းပေးနိုင်ရေးအတွက် ပို့ကုန်၊ သွင်းကုန်ဘဏ်ရှိရန် လိုအပ်ပါသည်။ ယခုအခါ ကဏ္ဍတိုင်းနီးပါးလောက် ဘဏ်အသီးသီးရှိသော်လည်း ကုန်သွယ်ရေးအတွက် သီးသန့်မရှိသေးပေ။ အထူးသဖြင့် ပို့ကုန်လုပ်ငန်းများအတွက် ချေးငွေများ၊ ပို့ကုန်အာမခံချေးငွေများ ကာလတိုအတွင်း ချေးနိုင်သလို တန်ဖိုးမြှင့်ပို့ကုန်လုပ်ငန်းထူထောင်ခြင်းအတွက် လိုအပ်သည့်ကာလလတ် ချေးငွေများ စီစဉ်ပေးခြင်းဖြင့် ပို့ကုန်ဖွံ့ဖြိုးမှုများစွာ အထောက်အကူပြုပါသည်။

**MYANTRADE ၏အခန်းကဏ္ဍမြှင့်တင်ရေး**

ယခုအခါ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်း (Myanmar Trade Promotion Organization) ဖွဲ့စည်းပြီး ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ယခင်ကထက် အရှိန်မြှင့်လာသော်လည်း ပို့ကုန်ဖွံ့ဖြိုးမှုအတွက်မူ ယခုထက်အဆင့်မြှင့်ရဦးမည် ဖြစ်သည်။ MYANTRADE ကို စီးပွားရေးမြို့တော်ရန်ကုန်၌ တစ်နေရာတည်းတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွဲလျက် လိုအပ်ချက်များအားလုံး (All in one) ဖြည့်စွမ်းပေးနိုင်သည့်အဖွဲ့အစည်းမျိုးဖြစ်ရန်လိုပေသည်။ ဆိုလိုသည်မှာ နိုင်ငံထုတ်ကုန်နှင့် နိုင်ငံတကာထုတ်ကုန်များပြသနိုင်သည့် ကုန်စည်ခင်းကျင်းပြသဆောင်(exhibition hall) များ၊ အရည်အသွေးနှင့် ဈေးနှုန်းပါသည့် လက်ရှိပို့ကုန်များပြသထားမှု၊ ကမ္ဘာ့နိုင်ငံများ၏ ကုန်ပစ္စည်းအမျိုးအစားအလိုက် စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ ဈေးကွက်အခြေအနေများ၊ သတင်းအချက်အလက်များပေးသည့် စင်တာ၊ နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအတွက် လိုအပ်သည့်သတင်းအချက်အလက်များ ဖြည့်ဆည်းခြင်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံခြားသားနှင့် မြန်မာလုပ်ငန်းရှင်များ တွေ့ဆုံခြင်း (bussiness matching) များ စီစဉ်ထားခြင်း စသည်တို့ပါဝင်ရမည် ဖြစ်သည်။ မလေးရှားနိုင်ငံ၏ MATRADE ကဲ့သို့သော အဖွဲ့အစည်းတစ်ခု ဆောင်ရွက်နိုင်လျှင် ပို့ကုန်မြှင့်တင်ရေးအတွက်သာမကဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း ပိုမိုတိုးပွားစေမည်ဖြစ်သည်။ ထို့အပြင် ပို့ကုန်ဖွံ့ဖြိုးမှုအတွက် လက်ရှိ အကောင်အထည်ဖော်နေသည့် အဓိက ကုန်စည်ပို့ကုန်ခြောက်မျိုးနှင့် ဝန်ဆောင်မှုပို့ကုန် ခရီးသွားလုပ်ငန်းများ ပါဝင်သည့် ပို့ကုန်မဟာဗျူဟာ (National Export Strategy) ကိုလည်း ရလဒ်ကောင်းများထွက်ပေါ်သည်အထိ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ ပို့ကုန်ဖွံ့ဖြိုးရေးအတွက် အရည်အသွေးစံချိန်စံညွှန်းများ ပြည့်မီရေး၊ လယ်ယာကုန်စည်များအတွက် အရည်အသွေးကို အာမခံနိုင်ရေး၊ ဝယ်သူဈေးကွက်မှ ရောင်းသူဈေးကွက်ဖြစ်ပေါ်လာရေး၊ ပွင့်လင်းမြင်သာသည့် (e- trading) စနစ်ပေါ်ပေါက်လာရေးအတွက် အပြည်ပြည်ဆိုင်ရာကုန်စည်ဒိုင်ကြီးများ (international commodity exchange centres) ထွန်းကားလာရေးတို့ကိုပါ တစ်ပါတည်းဆောင်ရွက်ရမည်ဖြစ်သည်။

> **“အခြေအနေနှင့် အချိန်အခါကောင်းများကြောင့် ပို့ကုန်ဖွံ့ဖြိုးရေးနည်းလမ်းကို တိုးတက်မှုဗဟိုဝင်ရိုးဖြစ်သည့် ရန်ကုန်ဝန်းကျင်ကိုအထူးပြုကာ ပို့ကုန်နှင့်ဆက်စပ်နေသည့် ဆင့်တက်ပြုပြင်စက်မှုလုပ်ငန်းများ ပိုမိုထွန်းကားရေးနှင့် တန်ဖိုးမြှင့်ပို့ကုန်လုပ်ငန်းများ ပိုမိုဖော်ဆောင်ခြင်းဖြင့် လက်ရှိစီးပွားရေးအကျပ်အတည်းများ ဖြေရှင်းနိုင်သည့်အပြင် ရေရှည်တိုးတက်ဖွံ့ဖြိုးမှုကိုပါ ဖော်ဆောင်နိုင်မည်ဖြစ်”**

ထို့အတူ ပို့ကုန်ဖွံ့ဖြိုးမှုအတွက် အရေးပါသည့်အချက်မှာ ကုန်သွယ်မှုနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးကို လုပ်ငန်းရှင်တိုင်း နားလည်သဘောပေါက်ပြီး လက်တွေ့ကျင့်သုံးနိုင်သည့် လုပ်ငန်းရှင်များ အထူးလိုအပ်ပါသည်။ ဆိုလိုသည်မှာ လုပ်ငန်းတိုင်း နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများ (internationalization of firm) ဖြစ်ပေါ်လာရေးနှင့် လုပ်ငန်းရှင်တိုင်း ကုန်သွယ်မှုလုပ်ငန်း လုပ်ဆောင်တတ်ရန်လိုပါသည်။ ဆိုလိုသည်မှာ ကုန်သွယ်မှုနှင့်ပတ်သက်၍ စွမ်းဆောင်ရည်ရှိသည့် လုပ်ငန်းရှင်များ ပြုစုပျိုးထောင်ရေးကိုလည်း ဇောင်းပေးလုပ်ဆောင်ရမည် ဖြစ်သည်။

**အခြေအနေနှင့် အချိန်အခါကောင်း**

ယနေ့ တစ်ကမ္ဘာလုံးကြုံတွေ့နေရသည့် ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်ဒေါ်လာငွေကြေးတက်နေမှုသည် နိုင်ငံတိုင်း ထိခိုက်သော်လည်း ခုခံအင်အား အားနည်းသည့် မြန်မာနိုင်ငံအတွက်မူ ပို၍ထိခိုက်ပါသည်။ စီးပွားရေးအကျပ်အတည်းများမှ အမြန်ဆုံးရုန်းထွက်ပြီး တိုးတက်မှုကို ဖော်ဆောင်နိုင်မည့် နည်းလမ်းမှာ ပို့ကုန်ဖွံ့ဖြိုးမှုကို တွန်းတွန်းတိုက်တိုက် တစိုက်မတ်မတ် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ဤနည်းလမ်းသည် ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးအခြေအနေတွင် အမေရိကန်ဒေါ်လာဈေး အတက်ဘက်တွင်ရှိနေခြင်းကြောင့် ပြည်တွင်းငွေတန်ဖိုးနိမ့်ကျနေချိန် ပို့ကုန်ဖွံ့ဖြိုးမှုအမြန်ဆောင်ရွက်ခြင်းဖြင့် မြန်မာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုများ လျော့နည်းစေနိုင်သလို ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်နိုင်ငံရှိ FDI လုပ်ငန်းများအနေဖြင့် အမေရိကန်ဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်ရန် အခက်အခဲရှိလာခြင်း၊ လုပ်ခတက်လာခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများကြောင့် ကန့်သတ်လာခြင်းအချက်များကြောင့် FDI လုပ်ငန်းများ အခြားသင့်တော်သည့်နိုင်ငံများသို့ ရွှေ့ပြောင်းရန်အခြေအနေလည်း ရှိနေပြီဖြစ်သည်။ တစ်ဖက်တွင်လည်း လက်ရှိဖော်ဆောင်နေသည့် FDI များ ပိုမိုဝင်ရောက်လာရေးအတွက် ဖြေလျှော့မှုများနှင့်အတူ အသစ်ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပြည်တွင်းလုပ်ငန်းများပေါင်းစည်းရေး ဇောင်းပေးဖော်ဆောင်နေသည့် အချိန်အခါလည်းဖြစ်သည်။ သို့ဖြစ်၍ ဖော်ပြပါအခြေအနေနှင့် အချိန်အခါကောင်းများကြောင့် ပို့ကုန်ဖွံ့ဖြိုးရေးနည်းလမ်းကို တိုးတက်မှုဗဟိုဝင်ရိုးဖြစ်သည့် ရန်ကုန်ဝန်းကျင်ကို အထူးပြုကာ ပို့ကုန်နှင့်ဆက်စပ်နေသည့် ဆင့်တက်ပြုပြင်စက်မှုလုပ်ငန်းများ ပိုမိုထွန်းကားရေးနှင့် တန်ဖိုးမြှင့်ပို့ကုန်လုပ်ငန်းများ ပိုမိုဖော်ဆောင်ခြင်းဖြင့် လက်ရှိစီးပွားရေးအကျပ်အတည်းများ ဖြေရှင်းနိုင်သည့်အပြင် ရေရှည်တိုးတက်ဖွံ့ဖြိုးမှုကိုပါ ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။

# တရားဥပဒေစိုးမိုးရေး တိုးတက်ကောင်းမွန်ဖို့ဆိုတာ အားလုံးပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အဓိကထားပြီး တင်ပြချင်တာက ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းဆိုတဲ့ အပိုင်းနှစ်ပိုင်းရှိပါတယ်

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်

## တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများလုံခြုံရေးအတွက် စကားဝိုင်းကျင်းပ

**ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစကားဝိုင်းခေါင်းစဉ် ဒုတိယပိုင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင် နိုင်ငံတော်ပြည်သူ့လွှတ်တော်ရှေ့နေ ဦးအောင်စိုးတို့က နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(တပ်ကုန်း)ရှိ စတူဒီယိုခန်းမ၌ အောက်တိုဘာ ၄ ရက်က ဆက်လက်ဆွေးနွေးခဲ့ကြသည်။**

ခင်ရတနာ၊ ဇင်ဦး
ဓာတ်ပုံ - ဇင်သူ


ဦးအောင်စိုး


ဦးမျိုးတင့်


ဦးဝင်းမြင့်


ဦးဟန်ညွန့်

**(ယမန်နေ့မှ အဆက်)**

**ဦးအောင်စိုး။** ။ဒီအချိန်ကတော့ ရာဇဝတ်မှုတွေ၊ စိန်ခေါ်မှုတွေကတော့ အင်မတန်ထူပြောတဲ့အချိန်လို့ ပြောရမှာပေ့ါ။ အရင်တုန်းကတော့ ရာဇဝတ်မှုဆိုတာက တောမြို့တွေမှာ ဖြစ်တာများတယ်။ လူမမြင်တဲ့နေရာ၊ လူတွေနဲ့ဝေးတဲ့အရပ်မျိုးတွေ၊ ဆိတ်ကွယ်ရာအရပ်တို့ ဒီလိုနေရာမျိုးမှာဖြစ်ပြီးတော့ သာမန်မြို့ပေါ်မှာတော့ မဖြစ်ဘူးပေ့ါ။ အခုကတော့ ရန်ကုန်၊ မန္တလေး စတဲ့မြို့ကြီးတွေပေါ်မှာ ပြောင်ပြောင်တင်းတင်းဖြစ်လာတာတွေ တွေ့နေရတယ်။

ဒါကတော့ ပြည်သူတွေက ရာဇဝတ်မှုတွေများလာတဲ့အချိန်မှာ ထိတ်လန့်တုန်လှုပ်လာကြတယ်။ မန္တလေးလိုမြို့ကြီးမှာကအစ ကားငှားစီးတယ်၊ ကားငှားစီးရင်လည်း အငှားယာဉ်သမားကို စိတ်မချရဘူး။ ဆိုင်ကယ်ငှားစီးရင်လည်း ဆိုင်ကယ်သမားကို စိတ်မချရဘူး။ သက်ငယ်မုဒိမ်းမှုတွေ၊ အချင်းချင်းမကျေနပ်လို့ အုပ်စုဖွဲ့ပြီးတော့ ဓားနဲ့ခုတ်ကြတာ၊ သတ်ကြတာတွေ အခုခေတ်ကတော့ ထူးဆန်းတဲ့ပုံစံအမျိုးမျိုးနဲ့ ကျူးလွန်ကြတယ်။

ဘာကြောင့်လဲလို့ကြည့်လိုက်တဲ့အခါ အကြောင်းနှစ်ချက်ကို သွားတွေ့တယ်။ ပထမတစ်ချက်က ပြစ်မှုကျူးလွန်တဲ့ပုံစံတွေကို အတုခိုးတာ။ အတုခိုးတာကလည်း မီဒီယာတွေကနေ ပြနေတဲ့ မှုခင်းတွေ၊ ဒါတွေဟာ ဘယ်လောက်ပဲ ဆင်ဆာဖြတ်တယ်ပြောပြော၊ တယ်လီဖုန်းတွေမှာ လူငယ်တွေဆိုတာက လေ့ကျင့်နေသလိုဖြစ်နေတာ၊ ဒါက တစ်ချက်။ နှစ်အချက်ကတော့ စီးပွားရေးမပြေလည်တာတွေပါတာပေ့ါ။ စီးပွားရေးနဲ့ ရာဇဝတ်မှုဆိုတာကလည်း အချိုးကျနေတာမျိုးပါ။

နောက်တစ်ခုကတော့ ဘာသာတရား၊ ဘာသာတရားရဲ့ အထိန်းအကွပ်အောက်မှာ လူငယ်တွေက ရှိမလာကြဘူး။ ဆိုးရွားတာကတော့ မူးယစ်ဆေးဝါး။ မူးယစ်ဆေးဝါးကိုတော့ အရင်တုန်းက ကျွန်တော်တို့သိတာက ပိုက်ဆံရှိတဲ့ သားသမီးတွေသာ ဒီဘိန်းဖြူတို့၊ ဘာတို့ သုံးကြတယ်။ အခုဟာကတော့ ကျွန်တော်လည်း မြန်မာပြည်အနှံ့ ကျေးလက်တောရွာတွေ ရောက်တဲ့အခါမှာ မယုံနိုင်လောက်အောင် မူးယစ်ဆေးဝါးက လွယ်လွယ်ကူကူရနေတယ်။ ကျွန်တော်ပြောတဲ့ပုံစံမျိုးမဟုတ်တော့ဘဲနဲ့ ဆေးပြားလေးတွေရယ်၊ ကော်ရှူတာတွေက လမ်းဘေးက ကလေးတွေကအစ။ အဲဒါတွေက လူ့စိတ်ကို ဖောက်ပြားစေတာပေ့ါ။ အကျင့်စာရိတ္တတွေလည်း ပျက်ပြားစေတာပေ့ါ။

အဲဒီတော့ ကျွန်တော်တို့ဆီမှာ တဖြည်းဖြည်းနဲ့ လူတွေရဲ့ရှေ့မှာ သုံးလောင်းပြိုင်တို့၊ လေးလောင်းပြိုင်တို့၊ ငါးလောင်းပြိုင်တို့ ဒီလိုမျိုးအမှုတွေဖြစ်တယ်။ ဆိတ်ကွယ်ရာမဟုတ်တော့ဘဲ လူမြင်ကွင်းမှာပါ လူသတ်မှုတွေ ဖြစ်လာတယ်။ နိုင်ငံတကာလေဆိပ်လိုဟာမျိုးမှာ ဖြစ်လာတယ်။ အဲဒီတော့ ဒီမှာဘာတွေကို စဉ်းစားရမလဲဆိုတော့ တချို့ဟာတွေက မှုခင်းကို သူ့ရဲ့အခြေအနေအရ ကျူးလွန်တာ၊ သူ့စိတ်ကိုမထိန်းနိုင်လို့၊ သူ့ရဲ့ဒေါသကြောင့် ဖြစ်တာ။

နောက်တစ်ခုကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ကိုကျအောင်လို့ တမင် မှုခင်းတွေကို ဖန်တီးလာတယ်ဆိုတာကိုလည်း လေ့လာသုံးသပ်လို့ရတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံသစ်ကို ထူထောင်တယ်ဆိုတဲ့အခါမှာ ထူထောင်တဲ့အုပ်စုနဲ့ အစိုးရအဖွဲ့နဲ့အားလုံးက ထူထောင်နေသလို ဖျက်ရမယ်ဆိုတဲ့ အုပ်စုတစ်စုလည်း ရှိနေမှာပါ။ ဒါကတော့ အရာရာတိုင်းမှာ ဖြစ်ပြီးရင် ပျက်မှာပဲလေ။ အဲဒီလို ဖျက်ဆီးသူတွေရှိတဲ့အခါမှာ ဒီရာဇဝတ်မှုတွေဟာ တမင်ဖန်တီးတာလားဆိုတာလဲ သုံးသပ်ရပါတယ်။ နောက်တစ်ခုက ရိုးရိုးရာဇဝတ်မှုတင်မကဘဲနဲ့ ဓာတ်ဆီဈေးတွေတက်လာတယ်။ ဒေါ်လာဈေးတွေ တက်လာတယ်။ ရွှေဈေးတွေတက်လာတယ်။ ဒါတွေဟာ စီးပွားရေးသမားတွေရဲ့ လောဘပဲပေ့ါ။ လောဘဆိုတာ ရိုးရိုးလောဘဆိုရင် ဇူဇကာစစ်ဆင်ရေးတို့၊ ဘာတို့ပေ့ါ။ အရင်ကလည်း ရှိခဲ့တယ်။ ဒါပေမယ့် အခုဟာက အချိန်ကိုက်တွေဖြစ်ဖြစ်နေတာ ခက်တယ်။ ဥပမာ နိုင်ငံရေးအပြောင်းအလဲတွေဖြစ်တော့မယ့် အချိန်မျိုးတွေ၊ ကျွန်တော်တို့ နိုင်ငံတည်ဆောက်နေရတာ အင်မတန်ခက်ပါတယ်။ စိန်ခေါ်မှုတွေအများကြီး၊ စီးပွားရေးတွေရော၊ ဘာသာရေးတွေရော၊ အဲဒီကြားထဲမှာ ဒီလိုရည်ရွယ်ချက်ရှိရှိလုပ်ရင်တော့ စောင့်ကြည့်ဖို့လိုတယ်။ ဒီဟာတွေက ခုနက ကျွန်တော်တို့ သာမန်ကိစ္စတွေမဟုတ်ဘူး။ ပြန်ချုပ်ကြည့်မယ်ဆိုရင် စိန်ခေါ်မှုတွေဟာ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းရဲ့ ဘဝကို စိန်ခေါ်နေသလို နိုင်ငံကြီးတစ်ခုလုံးရဲ့ဘဝကိုပါစိန်ခေါ်နေတဲ့အတွက် ဒီစိန်ခေါ်မှုတွေကိုတော့ ကျွန်တော်တို့ အားလုံးဝိုင်းဝန်းပြီးတော့ ဖြေရှင်းမှသာလျှင် ရမယ်ဆိုတာကို တင်ပြအပ်ပါတယ်။

**အစီအစဉ်မှူး။ ။အခုနက ဆွေးနွေးခဲ့ကြတဲ့ တရားဥပဒေစိုးမိုးရေးဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ ဘယ်လိုပူးပေါင်းဆောင်ရွက်လို့ရမလဲဆိုတာ ဆက်လက်ပြီးဆွေးနွေးပေးပါဦး။**

**ဦးမျိုးတင့်။** ။လတ်တလော တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်နေတဲ့ ပထမပိုင်းဆွေးနွေးခဲ့တဲ့ အကြောင်းအချက်တွေကို ဖြေရှင်းဖို့ ကျွန်တော့်ရဲ့အမြင်ကတော့ တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေတဲ့ တရားစီရင်ရေးနဲ့ ဆက်စပ်တဲ့ဌာနတွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ဒီအဖွဲ့အစည်းတွေမှာပဲ တာဝန်ရှိတယ်လို့ သာမန်ထင်မယ်ဆိုရင်တော့ မှန်ကန်မှာမဟုတ်ပါဘူး။ တကယ်တော့ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့က ပြည်သူအားလုံးနဲ့သက်ဆိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်သူတွေကပါ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ တရားစီရင်ရေးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ လိုအပ်နေပြီ။ ဒါကြောင့် တစ်ဖက်က ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့တွေ၊ တရားစီရင်ရေးနဲ့ ဆက်စပ်တဲ့ အဖွဲ့တွေကလည်း ပြည်သူတွေကို ဥပဒေကိုလိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးဖို့ လိုအပ်တယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကလည်း ဥပဒေပညာပေးရေးကို ပြည်သူတွေအထိ အသိပညာပေးဖို့ ဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေမှာ အားလုံးပါဝင်ပြီးတော့ ပြည်သူတွေကို ပညာပေးဖို့ လိုအပ်ပြီ။ ပြည်သူတွေကလည်း အခုလို တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်နေတဲ့ အချက်တွေကြောင့် သူတို့ရဲ့ ဘဝလုံခြုံမှုအပေါ်မှာ စိုးတထိတ်ထိတ်ဖြစ်နေရတာကို ခံစားနေရတာဖြစ်တဲ့အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ တရားစီရင်ရေးနဲ့ ဆက်စပ်သောအဖွဲ့အစည်းများအနေနဲ့ ပူးပေါင်းပါဝင်ပေးကြပါလို့ ကျွန်တော့်အနေနဲ့ ဒီနေရာကနေ ပြောချင်ပါတယ်။

**ဦးဝင်းမြင့်။** ။တရားဥပဒေစိုးမိုးရေးလို့ မြင်လိုက်တာနဲ့ မှုခင်းဖြစ်ပွားမှုတွေကိုပဲ တိုက်ရိုက်မြင်မိကြပါတယ်။ တကယ်တော့ တရားဥပဒေစိုးမိုးရေးဟာ နိုင်ငံတော်ရဲ့ကဏ္ဍအားလုံး၊ ပြည်သူလူထု ထိတွေ့ဆက်ဆံဆောင်ရွက်နေရတဲ့ကိစ္စအားလုံးနဲ့ သက်ဆိုင်မှုရှိပါတယ်။

တရားမျှတတဲ့ဥပဒေတွေ ကဏ္ဍအသီးသီးမှာ စိုးမိုးမှုရှိနေဖို့လိုပါတယ်။ ဥပဒေသည်သာ စိုးမိုးရမှာဖြစ်လို့ ဥပဒေအထက်တွင် မည်သူမျှ ရှိနေလို့မရပါဘူး။ ဥပဒေအရာမှာ အားလုံးက တန်းတူညီမျှဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ အမိန့်ကြော်ငြာစာတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ အမိန့်တွေ၊ ညွှန်ကြားချက်တွေ အားလုံးဟာ ဌာနအဖွဲ့အစည်းအသီးသီးက ထိထိရောက်ရောက်နဲ့ မှန်မှန်ကန်ကန် အကောင်အထည်ဖော် ဆောင်ရွက်ဖို့လိုသလို နိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးကလည်း ဥပဒေနဲ့အညီ နေထိုင်၊ ပြုမူ၊ ကျင့်ကြံဖို့ လိုအပ်တယ်လို့ တင်ပြလိုပါတယ်။

တရားဥပဒေစိုးမိုးရေး တိုးတက်ကောင်းမွန်ဖို့ဆိုတာက အားလုံးပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အဓိကထားပြီးတင်ပြချင်တာက ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းဆိုတဲ့ အပိုင်းနှစ်ပိုင်းရှိပါတယ်။ အားလုံးက ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းဆိုတဲ့ အပိုင်းနှစ်ပိုင်းကို ထိထိရောက်ရောက် ဆောင်ရွက်ကြမှ အောင်မြင်စွာ ပုံဖော်နိုင်မှာဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးလို့ ပြောလိုက်တာနဲ့ တရားရုံး၊ ရဲတပ်ဖွဲ့၊ ဥပဒေရုံးလို့ မြင်ကြပါတယ်။ တကယ်တော့ တရားဥပဒေစိုးမိုးရေးဆိုတာ စည်းကမ်းတကျ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ စည်းကမ်းတကျဖြစ်အောင် ကြပ်မတ်ကွပ်ကဲတာ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အနီးစပ်ဆုံး ဥပမာပြောရမယ်ဆိုလို့ရှိရင် ပလက်ဖောင်းပေါ်မှာ ဈေးမရောင်းရဘူး။ ယာဉ်တွေ စနစ်တကျရပ်နားရအောင်၊ အမှိုက်မပစ်ရအောင် စတဲ့ သာမန်ကိစ္စရပ်တွေ ဆောင်ရွက်နေခြင်းဟာ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေရခြင်းရဲ့ အခြေခံသဘောတရားတွေပဲဖြစ်ပါတယ်။ အဲဒီတော့ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်တဲ့နေရာမှာ တစ်ဦးတစ်ယောက်တည်း၊ တစ်ဖွဲ့တည်းနဲ့ လုပ်ဆောင်လို့ အောင်မြင်နိုင်မှာမဟုတ်ပါဘူး။ အားလုံးကဏ္ဍအသီးသီး၊ ပုဂ္ဂိုလ်အသီးသီးကနေ ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်နိုင်မှ၊ ပြည်သူနဲ့ ပူးပေါင်းဖို့က အဓိကကျပါတယ်။

အများပြည်သူတွေရဲ့ နေ့စဉ်ဘဝမှာ ဌာနဆိုင်ရာနဲ့ ပြည်သူတွေ၊ ပြည်သူနဲ့ ဌာနဆိုင်ရာတွေက အပြန်အလှန် နိစ္စဓူဝ ထိတွေ့ဆက်ဆံနေရပါတယ်။ ဥပမာပြောရမယ်ဆိုရင် ကလေးတွေကျောင်းအပ်တာ၊ ဆေးရုံမှာဆေးကုသမှုခံယူတာ၊ နိုင်ငံသားစိစစ်ရေးကတ် သွားထုတ်တာ၊ နိုင်ငံကူးလက်မှတ်ထုတ်တာ၊ မြေစာရင်းမှာ ပုံသွားကူးတာ၊ မြေဂရန်ထုတ်တာ၊ အဆောက်အအုံဆောက်လုပ်ခွင့်တင်တာ စသဖြင့်ပေါ့လေ ကိစ္စအသီးသီးဟာ နိစ္စဓူဝ ပြည်သူနဲ့ ဌာနဆိုင်ရာတွေ ဆက်စပ်နေတဲ့ အပိုင်းကဏ္ဍဖြစ်ပါတယ်။

အဲဒီလို အများပြည်သူက မိမိတို့ရဲ့ ကိစ္စတွေဆောင်ရွက်တဲ့နေရာမှာ ဌာနဆိုင်ရာတွေရဲ့ လုပ်ငန်းသဘာဝနားလည်ဖို့အပြင် မိမိရဲ့ ကိုယ်ကျိုးအတွက် မမှန်ကန်တဲ့ နည်းလမ်းတွေနဲ့ မချဉ်းကပ်ဖို့ လိုပါမယ်။ ဒါကို အသိရှိရှိနဲ့ သူတို့ကိုယ်နှိုက်က ရှောင်ကြဉ်ဖို့၊ ဆန့်ကျင်ဖို့ လိုအပ်ပါတယ်။ ဌာနဆိုင်ရာတွေဘက်ကလည်း မိမိတို့လုပ်ငန်းတာဝန်တွေကို ဥပဒေနဲ့အညီ ကျေကျေလည်လည် စေတနာထားပြီး ဆောင်ရွက်ဖို့ လိုတယ်လို့ တင်ပြလိုပါတယ်။ ခြုံပြီးပြောရမယ်ဆိုလို့ရှိရင်တော့ တရားဥပဒေစိုးမိုးရေးဟာ တစ်နေ့၊ တစ်လ၊ တစ်နှစ်တည်းနဲ့ ဆောင်ရွက်ရမယ့်ကိစ္စမဟုတ်ဘဲ အစဉ်တစိုက် အမြဲဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။

**ဦးဟန်ညွန့်။** ။ဆရာတို့ ခုနကဆွေးနွေးသွားတဲ့ တရားဥပဒေစိုးမိုးရေးစကားဝိုင်းမှာ အားလုံးဆွေးနွေးသွားကြတဲ့အတိုင်း တရားဥပဒေစိုးမိုးရေးဆိုင်ရာ စိန်ခေါ်မှုတွေကတော့ အံ့သြလောက်အောင် သတိပြုစရာများ၊ သတိပြုဖွယ်များဖြစ်နေပါပြီ။ ဒီလိုသတိပြုဖွယ်ဖြစ်နေတဲ့ တရားဥပဒေစိုးမိုးရေးဆိုင်ရာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို ကျွန်တော်တို့ လက်ပိုက်ပြီးတော့ ကြည့်နေကြမှာလား။ ကျွန်တော်တို့ပြည်သူတွေ ဒီစိန်ခေါ်မှုတွေကို အရှုံးပေးကြတော့မှာလား။ တရားမျှတမှုကို ချစ်မြတ်နိုးကြတဲ့ ပြည်သူအပေါင်းက ဘာလုပ်ကြမှာလဲ။ မင်းမဲ့စရိုက်တွေကို ကျွန်တော်တို့လက်ပိုက်ပြီးတော့ ကြည့်နေကြမှာလား။ အဂတိလိုက်စားမှုတွေကိုရော ကျွန်တော်တို့က ထပ်ဆင့်ပြီးတော့ အားပေးနေကြဦးမှာလား။ အဂတိလိုက်စားမှုတွေကို တိုက်ဖျက်ကြမှာလား။ ဘယ်လိုတိုက်ဖျက်ကြမှာလဲ၊ ဘယ်လိုပါဝင်ကြမှာလဲဆိုတဲ့ သန္နိဋ္ဌာန်တွေ၊ ရည်ရွယ်ချက်တွေ၊ ရုန်းကန်လှုပ်ရှားမှုတွေ၊ အလုပ်တွေနဲ့ ရဲရဲဝံ့ဝံ့ သက်သေပြရမယ့်၊ အဓိဋ္ဌာန်ပြုရမယ့် အချိန်ကို ရောက်ရှိနေပါပြီ။

အဂတိလိုက်စားမှုကို ထိန်းချုပ်ဖို့ ကမ္ဘာ့နိုင်ငံအသီးသီးကို ကျွန်တော်တို့လေ့လာကြည့်ရှုတဲ့အခါမှာလည်း အဂတိလိုက်စားမှုကို ထိန်းချုပ်ဖို့ အမျိုးအစားပုံစံသုံးမျိုးနဲ့ ဆောင်ရွက်နေတာတွေ့ရှိရပါတယ်။

အမျိုးအစား(၁)ကတော့ အဂတိလိုက်စားမှုဆန့်ကျင်ဖို့ ဥပဒေတွေပြဋ္ဌာန်းပြီးတော့ အာဏာပိုင်အဖွဲ့အစည်းတွေကို သီးခြားဖွဲ့စည်းမထားတဲ့ အမျိုးအစားဖြစ်ပါတယ်။ နောက် ဒုတိယအမျိုးအစားကတော့ အဂတိလိုက်စားမှုဆန့်ကျင်ရေးဆိုင်ရာ ဥပဒေတွေကို ပြဋ္ဌာန်းတယ်။ ဒီလိုပြဋ္ဌာန်းပြီးတော့ ဥပဒေတွေကို ကြပ်မတ်ဖို့အတွက် အာဏာပိုင်အဖွဲ့အစည်းအများကြီး၊ တစ်ဖွဲ့တည်း မကပါဘူး၊ အများအပြားကို ဖွဲ့စည်းထားတယ်ဆိုတဲ့ အမျိုးအစားကိုလည်း ကမ္ဘာမှာ လေ့လာတွေ့ရှိရပါတယ်။

စာမျက်နှာ ၈ သို့

# ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**စစ်တွေ အောက်တိုဘာ ၉**

ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အစိုးရအဖွဲ့မှ မိမိဒေသနှင့်ကိုက်ညီမည့် စီးပွားရေးမူဝါဒများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူဝါဒဆိုရာတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ခရိုင်နှင့် မြို့နယ်အသီးသီး၌ အချိုးညီညီ မျှမျှတတ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ရာတွင် လယ်ယာ၊ သားငါး ကဏ္ဍသည် အဓိကအခြေခံကျပါကြောင်း၊ ၎င်းကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ခြောက်လစီမံကိန်းတွင် ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၈၂ ဒသမ ၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၃ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခင်နှစ်စီမံကိန်းရည်မှန်းချက်လုပ်ငန်းများ အကောင်အထည်ဖော်မှုတွင် တွေ့ကြုံခဲ့သည့် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်၍ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လက်တွေ့အသုံးချ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များအား ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများကို တာဝန်ပေးအပ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကိုပြုလုပ်ရာ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းအကောင်ထည်ဖော် ဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

**✻ အိန္ဒိယမှ**

အဆိုပါပြိုင်ပွဲတွင် men's master body-building အသက် ၄၀ မှ ၄၉ နှစ်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ထိုင်းမှ ပထမ(ရွှေ)၊ မြန်မာမှ ထွန်းမင်းက ဒုတိယ(ငွေ)နှင့် ထွန်းထွန်းအောင်က တတိယရရှိခဲ့ကြသည်။ ၆၅ ကီလိုတန်းတွင် မြန်မာမှ ထွန်းမင်းက ပထမ(ရွှေ)၊ အိန္ဒိယက ဒုတိယ(ငွေ)၊ ဟောင်ကောင်မှ တတိယ(ကြေး)ဖြင့် လည်းကောင်း၊ ၅၅ ကီလိုတန်းတွင် အိန္ဒိယက ပထမ၊ မြန်မာမှ ကျော်မင်းသန်းက ဒုတိယ(ငွေ)၊ အိန္ဒိယက တတိယ(ကြေး)ဖြင့် လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ထွန်းထွန်းအောင်က ကြေးတံဆိပ်ကိုလည်းကောင်း ရရှိခဲ့ကြသည်။

**သတင်း- အေးကေလင်း**
**ဓာတ်ပုံ- ဗလစိုး**

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေး
အစီအစဉ်တွင်ပူးပေါင်းပါဝင်ဆောင်ရွက်ရေး
ဆွေးနွေးပွဲ

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့
နံနက် ၈း၃၀ မှ ၁၂း၃၀ နာရီ
M-Gallery Hotel - Ayeyawady Ballroom
နေပြည်တော်

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဆွေးနွေးပွဲပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှပြုလုပ်သည့် "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးအစီအစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"ဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ M-Gallery Hotel Ayeyarwady Ballroom ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲကို အသင်းနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သော အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီလှုပ်ရှားမှု၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်သည်။

**သတင်းစဉ်**

# Assemble Board House အလုံး ၉၀ နှင့် ဆက်စပ်လုပ်ငန်းများ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် အောက်တိုဘာ ၈ ရက်တွင် မောင်တောမြို့နယ် လှဖိုးခေါင်ကြားစခန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မောင်တောခရိုင် လမ်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်သော ပြန်လည်ဝင်ရောက်လာမည့် သူများအတွက် Assemble Board House အလုံး ၉၀၊ အဝီစိတွင်းများ၊ အုတ်ရေကန်များ၊ သန့်စင်ခန်းများနှင့် ပတ်လမ်းကျောက်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါ လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စခန်းအတွင်း CITF ၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ပြီးစီးနေသော အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။




မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကြိမ်ချောင်းတောင် အိမ်ရာစခန်းသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်နေသော အိမ်ရာအဝင်လမ်းနှင့် မျက်နှာစာလမ်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ CITF ၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီနှစ်ခုမှ ဆောက်လုပ်နေသော အိမ်ရာများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ ဌာနနှင့် CITF မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ထို့နောက် ယင်းစခန်းတွင် ဂျပန်အစိုးရမှ ဆောက်လုပ်လှူဒါန်းမည့် အိမ်ရာ ၆၅ လုံးနှင့် လူထုအခြေပြုဗဟိုဌာနတစ်ခု ဆောက်လုပ်ရန်အတွက် မြေနေရာများ သတ်မှတ်ပေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မောင်တော-ကြိမ်ချောင်း-ဗန္ဓုလလမ်းတစ်လျှောက် တိုးတက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ညနေပိုင်းတွင် အိုးထိန်းရွာစခန်းသို့ ရောက်ရှိခဲ့ကြသည်။ ထိုစခန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်နေသော အိမ်ရာစခန်း အဝင်လမ်းနှင့် မျက်နှာစာလမ်း ကျောက်ခင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ CITF ၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီလေးခုမှ အိမ်ရာများတည်ဆောက်ပြီးစီးနေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ထို့နောက် ယင်းစခန်းတွင် ဂျပန်အစိုးရမှ ဆောက်လုပ်လှူဒါန်းမည့် အိမ်ရာ ၆၅ လုံးနှင့် လူထုအခြေပြုဗဟိုဌာန တစ်ခု တည်ဆောက်ရန်အတွက် မြေနေရာကြည့်ရှုကြပြီး မြေနေရာများ သတ်မှတ်ပေးခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့တွင် Asia World Co.,Ltd. မှ တာဝန်ယူတည်ဆောက်နေသော မောင်တော-အင္ဂူမော်လမ်းတစ်လျှောက် ၃၈ ကီလိုမီတာတွင် လမ်းဖြောင့်ဆောင်ရွက်မည့်နေရာကိုလည်းကောင်း၊ ၂၄ ကီလိုမီတာအနီးတွင် ကွန်ကရစ်လမ်းခင်းထားမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုကြသည်။

ယင်းနောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက ၎င်းတို့ တာဝန်ယူဆောင်ရွက်နေသော ကွန်ကရစ်လမ်းခင်းမည့် အစီအစဉ်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နည်းပညာဆိုင်ရာ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၇ မှ

ဆက်လက်ပြီးတော့ တတိယအမျိုးအစားကို ကြည့်တဲ့အခါမှာ အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ အဓိက အရေးယူနိုင်တဲ့ အာဏာပိုင်အဖွဲ့အစည်းတွေကို သီးသန့် ဖွဲ့စည်းတဲ့ တတိယအမျိုးအစားကိုလည်း ကမ္ဘာမှာ လေ့လာတွေ့ရှိရပါတယ်။

ဒီလိုလေ့လာတွေ့ရှိရတဲ့ အမျိုးအစားသုံးရပ်ထဲမှာ ကျွန်တော်တို့မြန်မာနိုင်ငံဟာ တတိယအမျိုးအစားထဲမှာ ပါဝင်ပြီးတော့ ယနေ့ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိတယ်လို့ လေးစားစွာတင်ပြချင်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ဒီနေ့ မှုခင်းတွေ များပြားလာတဲ့ပုံစံတွေ အမျိုးမျိုးဖြစ်ပွားနေတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ပိုမိုရှမ်းကားလာတဲ့ ကိစ္စရပ်တွေအပေါ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနဲ့ ဥပဒေ၊ မူဘောင်နဲ့အညီ တတိယအမျိုးအစားပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စောစောပိုင်းက ကျွန်တော်တင်ပြ အစီရင်ခံခဲ့သလိုပဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် တစ်ရပ်တည်း၊ တစ်ဖွဲ့တည်း၊ တစ်ဦးတစ်ယောက်တည်းနဲ့တော့ဖြင့် မလုံလောက်ပါဘူး။ အများပြည်သူက စုပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေးဟာ အောင်မြင်မှု မုချရရှိသွားပါမယ်လို့ လေးနက်စွာ အကြံပြုတင်ပြပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၉**

မောင်တောမြို့နယ် နယ်မြေ(၃) တောင်ပြို(ယာ)နယ်မြေရဲစခန်းမှ ရဲအုပ် မြတ်ဇော်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် Tumbru ကင်းစခန်းမှ Naib Subedar Md. Mojibur Rahman ဦးစီး တပ်ဖွဲ့ဝင်များနှင့် လမ်းပြတို့သည် အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီခွဲမှ ၁၂ နာရီ မိနစ် ၂၀ အထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုး လမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၃၄) နှင့် (၃၆)တို့၌ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# အဖုအကျိတ်များ ခွဲစိတ်ကုသမှုခံယူနေသော ဦးကောဝိဒအား မဇ္ဈိမဂုဏ်ရည်ဆရာတော်နှင့်ဒါယကာများ ကျပ်သိန်း ၁၀၀ လှူ

**မုံရွာ အောက်တိုဘာ ၉**

နေပြည်တော် ဇမ္ဗူသီရိဆေးရုံတွင် တစ်ကိုယ်လုံး ပေါက်နေသော အဖုများ၊ အဆီကျိတ်များ ခွဲစိတ်ကုသခံယူနေသည့် မုံရွာမြို့ကွေ့ကြီးရပ် ဇနကာရုံကျောင်းတိုက်မှ သံဃာတော် ဦးကောဝိဒအား မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒနှင့် ဒါယကာ၊ ဒါယိကာမများက ကျပ်သိန်း ၁၀၀ ကို အောက်တိုဘာ ၈ ရက်က ဆေးရုံသို့သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆရာတော် ဒေါက်တာအရှင်ကောဝိဒနှင့် မဇ္ဈိမသာသနာပြု ဥပတ္ထမ္ဘက အဖွဲ့ကြီးက ကျပ်သိန်း ၅၀ နှင့်အတူ ဒါယကာ၊ ဒါယိကာမများက သိန်း ၅၀ လှူဒါန်းခြင်းဖြစ်သည်။

"စက်တင်ဘာ ၁၆ ရက်ကစပြီး နေပြည်တော် ဇမ္ဗူသီရိဆေးရုံမှာ ဆေးကုသနေပါတယ်။ အကြီးစားအဖု အကျိတ်နဲ့ အဆီဖုတွေ၊ မျက်နှာပေါ်က အဖုအကျိတ်တွေကို စခွဲပြီးဖယ်ရှားနေတာပါ။ ဖြည်းဖြည်းချင်း သွေးသွင်းလိုက်၊ ခွဲလိုက်လုပ်ရမှာပါ။ ဆေးရုံစရောက်တဲ့ အခြေအနေနဲ့ အခုအခြေအနေ မျက်နှာတော်က အတော်ပေါ်လာနေပါပြီ။ မုံရွာကသူတွေ လှူတာရော၊ အခုဆရာတော် ဦးကောဝိဒ(မဇ္ဈိမဂုဏ်ရည်) လှူတာရောဆို ကျပ်သိန်း ၂၅၀ လောက် ဆေးကုဖို့ အလှူခံရနေပါပြီ။ နေပြည်တော် ဇမ္ဗူသီရိဆေးရုံက ဆရာဝန် မင်းဇော်အောင်နဲ့အဖွဲ့က ဘုန်းဘုန်းကို ကုပေးနေတာပါ"ဟု မုံရွာမြို့ မွန်မြတ်သွေးလှူရှင်အသင်းမှ ကိုမွန်မြတ်က ပြောသည်။

**မျိုးဝင်းထွန်း**

# မိုးရင်ရေလှောင်တမံမှ မိုးစပါး ၄၄၂ ဧကအတွက် စိုက်ပျိုးရေ အောင်မြင်စွာ ပေးဝေနိုင်

**နမ္မတူ အောက်တိုဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် မိုးရင်ရေလှောင်တမံ ဧရိယာအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်ရေပေးဝေတူးမြောင်းများအတွင်း သဲနုန်းများ ပို့ချခြင်းကို စက်ယန္တရားများ၊ လူအင်အားများဖြင့် မိုးစပါးရေပေးဝေနိုင်ရန်အတွက် အချိန်မီပြုပြင်မွမ်းမံ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းခင်သန်းထံမှ သိရသည်။

ယခုအခါ မိုးရင်ရေလှောင်တမံ ရေပေးတူးမြောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရေပေးမြောင်းများ မြောင်းဆုံး၊ မြောင်းဖျားအထိ စိုက်ပျိုးရေရောက်ရှိကာ မိုးစပါး ၄၄၂ ဧကအတွက် အောင်ရေပေးဝေနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ မိုးရင်ရေလှောင်တမံမှ ဒေသခံ တောင်သူများအား ဆည်ရေအပြည့်အဝရရှိစေခြင်းနှင့် အနီးဝန်းကျင်ကျေးရွာအချို့အား ၁၂၅ ကီလိုဝပ်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးခြင်း ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်လွင်**

# တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းသို့ နေရပ်စွန့်ခွာသူတစ်ဦး ပြန်လည်ဝင်ရောက်လာ

**တောင်ပြိုလက်ဝဲ အောက်တိုဘာ ၉**

မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းသို့ နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီးမှ ယခင်နေထိုင်သည့် တောင်ပြိုလက်ဝဲမြို့ ရေတွင်းပြင်ကျေးရွာအုပ်စုတောင်ရွာနေ အိမ်ထောင်စု အမှတ်(၂၀၇)မှ မာမွတ်ရာကီအူလ္လာအသက် ၃၉ နှစ် (ဘ)နော်တူ မှတ်ပုံတင်အမှတ်(ယ) ၁၀၈၃၉၉ သည် ယနေ့ညနေ ၃ နာရီခွဲကျော်က ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်လာသူအား တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းခေါင်းဆောင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးထွန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးသန့်ဇင် ဦးစီးအဖွဲ့က ပြန်လည်လက်ခံစစ်ဆေးရေးရုံးတွင် စိစစ်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး NVC ကတ်ကို ထုတ်ပေးခဲ့ကြသည်။

ထို့နောက် ဝင်ရောက်လာသူအား ကူးစက်ရောဂါ ရှိ၊ မရှိ စိစစ်ဆောင်ရွက်ပြီး လိုအပ်သည့် ဆေးဝါးများပေးအပ်ခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း၊ တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းတွင် ညအိပ်ရပ်နားစေပြီး နောက်တစ်နေ့တွင် မောင်တောမြို့နယ် လှဖိုးခေါင် ပြန်လည်လက်ခံရေးစခန်းသို့ စနစ်တကျလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ၁၃ မြို့နယ်တွင် တောင်သူပညာပေး စံပြကျေးရွာများ ထူထောင်

**ရန်ကုန် အောက်တိုဘာ ၉**

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးနည်းပညာများ တောင်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်အတွက် တစ်မြို့နယ်တစ်ရွာနှုန်း ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာများ ထူထောင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၁၃ ခုတွင် တောင်သူပညာပေး စံပြကျေးရွာများ ထူထောင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တောင်သူပညာပေး လုပ်ငန်းများကို ဖော်ဆောင်ရာတွင် အဓိကအရေးကြီးသည့် သင်တန်းလေးမျိုးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုစိုက်ပျိုးရေး သုတေသနနှင့် လေ့ကျင့်ပညာပေးရေးဌာန၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ဟင်းသီးဟင်းရွက်သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနခွဲသို့ ဆက်လက်သွားရောက်ရာ ဉယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသူရစိုးက လက်ရှိ ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ဟင်းသီးဟင်းရွက် မျိုးစေ့ထုတ်လုပ်မှုအခြေအနေများ၊ အော်ဂဲနစ် လက်တွေ့စိုက်ပျိုးနည်းစနစ်များ၊ GAP စိုက်ပျိုးနည်းများ ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြသည်။

ညွှန်ကြားရေးမှူးချုပ်က စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိရေးနှင့် အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများသည် လှည်းကူးမြို့နယ် ပိုက်ကြီးဝဲကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၃၇ က) ဦးမောင်မောင်၏လယ်တွင် မိုးစပါးဆင်းသုခမျိုးသန့်မျိုးပွားမျိုးစေ့ထုတ် စိုက်ခင်းအား လက်တွေ့ကွင်းဆင်း ကြည့်ရှုကြသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးတွင် မျိုးသန့်မျိုးစေ့ထုတ်စိုက် ဧက ၁၀၈၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် တစ်မြို့နယ်တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများကို မြို့နယ် ၁၃ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လင်းက ရှင်းပြသည်။

**မြင့်မောင်စိုး**




# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၈) ထွက်ပြီ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသော "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ ၂၀၁၈" စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ရာထူးဝန် စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့် စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့် အချက်အလက်များကို တစုတစည်းတည်း ရှာဖွေလေ့လာ ဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှ စတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သောစာအုပ်ဖြစ်ပါသည်။

ဤစာအုပ်တွင် မြန်မာ့ရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ တပ်မတော်ဆိုင်ရာ သိမှတ်ဖွယ်ရာအချက်အလက်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဘာသာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ မြန်မာ့အထွေထွေ သိမှတ်ဖွယ်ရာများ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေ သိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားပါသည်။ ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာအချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိပါသည်။

ထို့ပြင် နိုင်ငံတော်သမ္မတဦးဝင်းမြင့် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များလည်း ပါဝင်သည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲ ဖြေဆိုမည့်သူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်ပါသည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင်ထုတ်ဝေပြီး တစ်အုပ်လျှင် ကျပ် ၂၂၀၀ နှုန်းဖြင့် နေပြည်တော်တွင် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ဖုန်း ၀၆၇-၃၄၁၂၃၇၁)နှင့် ရန်ကုန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် (ဖုန်း ၀၁ ၂၀၁၉၃၆)၊ နေပြည်တော် စာပေဗိမာန်အရောင်းဆိုင်၊ ရန်ကုန်မြို့စာပေဗိမာန်အရောင်းဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ခရိုင်အဆင့် ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ဗန်းမော် အောက်တိုဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကချင်ပြည်နယ် ဗန်းမော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်အဆင့် ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာရွေးချယ်ပွဲကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်တို့က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြစိမ်းရောင်ကျေးရွာပေါင်း ၁၆ ရွာမှ ကော်မတီဝင် ၈၀ တက်ရောက်ပြီး စီမံကိန်းနှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်ကျေးလက်**

### ❒ ရှေ့ဖုံးမှ

မျိုးစေ့သိုလှောင်လေလုံအိတ်များတွင် မျိုးစေ့များကို သိုလှောင်သိမ်းဆည်းခြင်းအားဖြင့် အဆောက်အအုံ ဆောက်လုပ်စရာမလိုအပ်ဘဲ အမိုးရှိရုံဖြင့် သိုလှောင်သုံးစွဲနိုင်ပြီး မှိုပြဿနာ၊ အင်းဆက်ပိုးမွှား ပြဿနာမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကာ ဆာလာအိတ်နှင့် သိုလှောင်ထားသော မျိုးစေ့များနှင့် တွဲမထားရန် လိုအပ်ကြောင်း ဒေါက်တာမျိုးအောင်ကျော်က ရှင်းပြသည်။

မျိုးစေ့သိုလှောင်လေလုံအိတ် တစ်တန်အိတ်တစ်အိတ်လျှင် ငွေကျပ်ငါးသိန်းဝန်းကျင်ခန့်ရှိပြီး တစ်တင်းခွဲဝင်အိတ်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ ကျော်ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းပြီး မျိုးစေ့လေလွင့်ခြင်းကာကွယ်ထိန်းသိမ်းခြင်းစနစ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် မျိုးစေ့သိုလှောင်လေလုံအိတ်များကို ဖိလစ်ပိုင်နိုင်ငံ GRAINPRO ကုမ္ပဏီမှ တင်သွင်းဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

**SMW**

### ❖ ကျောဖုံးမှ

လည်း မကွာပါဘူး။ ကျွန်တော်တို့အသင်းက လူငယ်ကစားသမားတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့တဲ့ ကစားသမားတွေ၊ (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲမှာ ခြေစွမ်းပြခဲ့တဲ့ ကစားသမားတွေနဲ့ စီနီယာကစားသမားတွေကို ပေါင်းစပ်ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီပွဲက နှစ်သင်းစလုံးအတွက် အကျိုးရှိမှာပါ။ ခြေစမ်းပွဲဖြစ်ပေမယ့် အကောင်းဆုံး ယှဉ်ပြိုင်ကစားမှာပါ။ ဆူဇူကီးဖလားပြိုင်ပွဲမှာ အင်ဒိုနီးရှားအသင်းနဲ့ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲမှာ တွေ့ဆုံလိုပါတယ်"ဟု ပြောကြားသည်။

**အောင်မြင်မှုရဖို့ရည်မှန်းထား**

အင်ဒိုနီးရှားလက်ရွေးစင်အသင်း နည်းပြချုပ် ဘီမာက "အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး မြန်မာ၊ ဟောင်ကောင်တို့နဲ့ ယှဉ်ပြိုင်မယ့် ခြေစမ်းပွဲတွေက အတွေ့အကြုံကောင်းတွေ ရရှိမှာပါ"ဟု ပြောကြားသည်။ မြန်မာအသင်းတောင်ပံကစားသမား စည်သူအောင်က "ခြေစမ်းပွဲဖြစ်ပေမယ့် အကောင်းဆုံးကြိုးစားကစားမှာပါ။ ရလဒ်ကောင်းရယူနိုင်ဖို့ ပြင်ဆင်ထားပါတယ်။ ဆူဇူကီးဖလားပြိုင်ပွဲမှာလည်း အောင်မြင်မှုရဖို့ ရည်မှန်းထားပါတယ်"ဟု ပြောကြားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ မိုး/ဇလ

# ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၈ ခုနှစ်)

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၈ ခုနှစ်)**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**
**(၁၃၈၀ ခုနှစ်၊ လ ရက်)**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈ခုနှစ်)ဟု ခေါ်တွင်စေရမည်။

၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသော"Ministry of Finance" ဆိုသည့်စကားရပ်ကို "Ministry of Planning and Finance" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊"Union Minister for Finance" ဆိုသည့်စကားရပ်ကို"Union Minister for Planning and Finance" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Public Warehouse" ဆိုသည့်စကားရပ်ကို "Public Customs Warehouse" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Private Warehouse" ဆိုသည့် စကားရပ်ကို "Private Customs Warehouse" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ပ) ၏ နောက်တွင်ပုဒ်မခွဲ(ဏ)၊ (တ) နှင့် (ထ) တို့ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည်-

Interpretation. ( o ) "Public Customs Warehouse" means a warehouse at the airport, seaport or inland ports (including border entry points) where goods imported or to be exported can be stored under customs control before payment of duties and taxes.

( p ) "Private Customs Warehouse"means a warehouse where the individually owned goods imported or to be exported can be stored under customs control before payment of duties and taxes.

( q ) "Manufacturing Customs Warehouse"means a privately owned warehouse where a person with a legal license may store the privately owned imported goods under customs control for manufacturing operations, before payment of duties and taxes.

၄။ ပင်လယ်ကြောင်းအကောက်ခွန်အက် ပုဒ်မ ၁၆ ၏ နောက်တွင် ပုဒ်မ ၁၆-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

Power to lincense Manufacturing Customs Warehorse. 16-A The Director General may issue a license to aprivately owned warehouse as a Manufacturing Customs Warehouse.

၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၈၀၊ ပုဒ်မ ၁၂၀၊ ပုဒ်မ ၁၉၄၊ နောက်ဆက်တွဲဇယားပုံစံ (က) နှင့် ပုံစံ (ဂ) တို့တွင်ပါရှိသော"by sea" ဆိုသည့်စကားရပ်ကို "by any mode of transport"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ပင်လယ်ကြောင်းအကောက်ခွန်အက် ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မ ၂၂ တို့တွင်ပါရှိသော"by any means of transport" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မ ၄၂ တို့တွင် ပါရှိသော "by any means" ဆိုသည့်စကားရပ်ကို"by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ (င) ၏နောက်တွင် ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

Owner's Power to deal with warehoused goods. ( f ) any goods imported may be processed into finished products from raw materials in a Manufacturing Customs Warehouse.

၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၀၅ တွင်ပါရှိသော"by sea or by inland" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၉ ၏ နောက်တွင် ၉- ကကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 9-A If the person chargeable with payment of duties short - levied or erroneously refunded or imposed duties and taxesor penalty or a fine upon any goods are not paid within the limited time, | 20,39&193 | Such person concerned shall beliable to a penalty not exceeding three times of those payment of duties short-levied or erroneously refunded or imposed duties and taxes or penalty or a fine upon any goods shall be chargeable or shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years or to fine or to both. |

၁၁။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၇၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 72. If any person makes or signs, or uses, any declaration or document used in the transaction of any business relating to the Customs, knowing or having reason to believe such declaration or document to be false in any particular, or counterfeits, falsifies or fraudulently alters or destroys any such document, or any seal, signature, initials or other mark made or impressed by any officer of Customs in the transaction of any business relating to the Customs, or,being required under this Act to produce any document, refuses or neglects to produce such document, or, being required under this Act to answer any question put to him by an officer of Customs, does not truly answer such question. | General | Such person or any person concerned shall be liable to a penalty not exceeding three times of the customs value of the goods or such person or any person concerned shall be liable to a penalty not exceeding ten million kyats or such person or any person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years or to fine or to both. |

၁၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၈၀ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 80. If any person, without the approval of the Competent Customs Official under section 202, acts as an agent for the transaction of business as therein mentioned, | 202 | Such person or any person concerned shall be liable to a penalty not exceeding five million kyats or such person or any person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years. |

၁၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၂ တွင်ပါရှိသော "fine, penalty or a fine upon any goods" နှင့် "fine, penalty or rate" ဆိုသည့် စကားရပ်ကို "imposed duties and taxes, fine or penalty or a fine upon any goods" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၃ တွင်ပါရှိသော"penalty or a fine upon any goods" ဆိုသည့် စကားရပ်ကို "imposed duties and taxes,fine or penalty or a fine upon any goods" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ပုဒ်မ ၂၀၂ တွင် တတိယအပိုဒ်နှင့် စတုတ္ထအပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

Custom-house agents. Such officer may, in case of misbehavior of the Person so authorized, confiscate security, or suspend or withdraw such approval, but an appeal against every such confiscation of security or suspension or withdrawal shall lie to the Union Minister of Planning and Finance, whose decision thereon shall be final.

Every appeal under this section shall be made within one month of the confiscation of security or suspension or withdrawal.

၁၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၂ ၏ နောက်တွင် ပုဒ်မ ၂၀၂-ကကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

Responsibilities of Custom-house agent for Customs declaration, calculation and payment of duties and taxes and other amounts payable. 202-A Such person shall be responsible to declare complete and accurate facts and figures in the Customs declaration in due time.

၁၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

Rules ot be notified. (c) All rules made under this Act shall be notified in the Gazette. All such rules for the time being in force shall be collected, arranged and published at intervals not exceeding two years, and shall be sold to the public at reasonable price.

၁၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၈ ၏နောက်တွင် ပုဒ်မ ၂၀၈-ကကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

Customs Transit. 208-A Customs Transit procedure is applicable with the goods which are transported under Customs control from one Customs office to another.

**(ဆက်လက်ဖော်ပြပါမည်)**

ကြေးမုံ



# အရှည်အသွေးမြင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး ဂျပန်-မဲခေါင် မဟာဗျူဟာအစီအစဉ် မျှော်မှန်း



တိုကျို အောက်တိုဘာ ၉

**ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမြင့်မားသော အခြေခံအဆောက်အအုံ တည်ဆောက်ရေးကို အားပေးမြှင့်တင်ခြင်းမှတစ်ဆင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချိတ်ဆက်မှု မြှင့်တင်ရန် ဦးတည်သော မဟာဗျူဟာ အစီအစဉ်တစ်ရပ် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ဂျပန်နိုင်ငံနှင့် မဲခေါင်မြစ်တစ်လျှောက်ရှိ အရှေ့တောင်အာရှနိုင်ငံ ငါးနိုင်ငံတို့က အတည်ပြုခဲ့ကြကြောင်း ဂျပန် သတင်းဌာနများက အောက်တိုဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဒေသဆိုင်ရာ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်ရေး မဏ္ဍိုင်ကြီးများအဖြစ် သတ်မှတ်ကာ လက်တွဲဆောင်ရွက်သွားကြရန် သုံးနှစ်တာ မဟာဗျူဟာ အစီအစဉ်သစ်တွင် ဖော်ပြထားသည်။

### ကတိကဝတ်ပြု

ဒေသဆိုင်ရာ လုံခြုံရေးနှင့် ပတ်သက်၍ မြောက်ကိုရီးယားနိုင်ငံ၏ အဏုမြူနှင့် ဒုံး လက်နက်အစီအစဉ်များအပေါ် အကြောင်းပြု၍လည်းကောင်း၊ တောင်တရုတ်ပင်လယ် အရေးကိစ္စအပေါ် အခြေခံ၍လည်းကောင်း ဖြစ်ပေါ်နေသော တင်းမာမှုများ လျှော့ချနိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များက ထပ်လောင်း၍ ကတိကဝတ်ပြုကြသည်။

"မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ၂၀၁၈ခုနှစ် တိုကျို မဟာဗျူဟာ"ဟု အမည်ပေးထားသော အစီအစဉ်အရ အင်ဒို-ပစိဖိတ်ဒေသကို လွတ်လပ်ပြီးပွင့်လင်းသော ဒေသအဖြစ်သို့ ပြောင်းလဲရန် ဂျပန်နိုင်ငံက မူဝါဒချမှတ်ထားခြင်းနှင့်ပတ်သက်၍ မဲခေါင်ဒေသ ခေါင်းဆောင်များက ကြိုဆိုကြသည်။ အာရှနှင့် အာဖရိကအကြားရှိ ဒေသအတွင်း တရားဥပဒေစိုးမိုးပြီး လွတ်လပ်သော ရေကြောင်းသွားလာမှုကို မြှင့်တင်ပေးခြင်းဖြင့် ဒေသဆိုင်ရာ တည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှုတို့ကို ဖြစ်ပေါ်လာစေရန် အဆိုပါ မဟာဗျူဟာအစီအစဉ်က မျှော်မှန်းသည်။

ဒေသတွင်း၌ ကုန်းလမ်းအရ၊ ပင်လယ်ရေကြောင်းလမ်းအရ၊ လေကြောင်းလမ်းအရ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချိတ်ဆက်မှုကို မြှင့်တင်ပေးသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာမှုအတွက် ဂျပန်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် ခေါင်းဆောင်တို့က ကြိုဆိုကြသည်။

မဲခေါင်ဒေသသည် အလားအလာကောင်းသော ဈေးကွက်တစ်ခုအဖြစ် ရှုမြင်ရပြီး ဂျပန်ကုမ္ပဏီများအတွက် အရေးကြီးသော ဈေးကွက်ဖြစ်သည်။ မဲခေါင်ဒေသတွင် လူဦးရေမှာ ၂၃၈ သန်းရှိပြီး မဲခေါင်ဒေသနိုင်ငံများ၏ စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)မှာ ၂၀၁၇ ခုနှစ်တွင် ဒေါ်လာ ၇၈၁ ဘီလီယံအထိ ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**အေအက်ဖ်ပီ**

## ကုန်သွယ်ရေးစစ်ပွဲ၏ အကျိုးဆက် ကမ္ဘာ့စီးပွားတိုးတက်နှုန်း ထိခိုက်နိုင်

**နယူးယောက် အောက်တိုဘာ ၉**

အမေရိကန်နှင့် တရုတ်အကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားမှုသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ထိခိုက်စေနိုင်ခြင်းကြောင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က လာမည့်နှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုဆိုင်ရာ ခန့်မှန်းချက်ကို လျှော့ချလိုက်ကြောင်း အိုင်အမ်အက်ဖ်၏ ဘောဂဗေဒပညာရှင်ချုပ်က အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ အောက်တိုဘာ ၁၁ ရက်တွင် စတင်မည့် ဂျီ-၂၀ အုပ်စုဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌတို့၏ အစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုဆိုင်ရာ ခန့်မှန်းချက်နှင့်ပတ်သက်၍ အိုင်အမ်အက်ဖ်က တင်ပြရန် စီစဉ်ထားသည်။

၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး ၃ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားပြီး ယင်းမှာ လွန်ခဲ့သည့်သုံးလက ထုတ်ပြန်ခဲ့သည့် ခန့်မှန်းချက်နှင့် နှိုင်းယှဉ်လျှင် ၀ ဒသမ ၂ ရာခိုင်နှုန်း ပိုမိုလျော့နည်းသွားသည်ဆို၏။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်တို့အကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားခြင်းကြောင့် အန္တရာယ်ရှိနိုင်ခြေ ပိုမိုများပြားလာကြောင်း အိုင်အမ်အက်ဖ် ဘောဂဗေဒပညာရှင်ချုပ် မောရစ်အော့ဖ်စ်က သတင်းထောက်များအား ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုအတွက် စီးပွားရေးအလားအလာကို ၂ ဒသမ ၅ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံအတွက် ၆ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး လျှော့ချပြင်ဆင်ခဲ့ကြသည်။ အဆိုပါနှစ်နိုင်ငံစလုံး ဇူလိုင်လခန့်မှန်းချက်နှင့် နှိုင်းယှဉ်လျှင် ၀ ဒသမ ၂ ရာခိုင်နှုန်းပိုမို လျော့ကျလာမည်ဆို၏။

**အေအက်ဖ်ပီ**



## ယူကရိန်းနှင့် နေတိုးအဖွဲ့ဝင်နိုင်ငံများ ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်

**ကီယက်ဗ် အောက်တိုဘာ ၉**

ယူကရိန်းနိုင်ငံသည် လေကြောင်းစစ်ရေးလေ့ကျင့်မှုကြီး တစ်ခုကို အမေရိကန်နှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင် နိုင်ငံများနှင့်အတူ အောက်တိုဘာ ၈ ရက်တွင် စတင်လိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

'ကြည်လင်သောကောင်းကင်-၂၀၁၈'ဟု အမည်ပေးထားသည့် လေကြောင်း စစ်ရေးလေ့ကျင့်မှုကို ယူကရိန်းနိုင်ငံ အနောက်ပိုင်းတွင် အောက်တိုဘာ ၁၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းလေကြောင်း စစ်ရေးလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင် ဦးရေ ၇၀၀ ခန့် ပါဝင်မည်ဖြစ်ပြီး တပ်ဖွဲ့ဝင်ဦးရေ ထက်ဝက်ခန့်မှာ နေတိုးအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် အမေရိကန်၊ ဗြိတိန်၊ နယ်သာလန်၊ ပိုလန်နှင့် ရိုမေးနီးယားနိုင်ငံတို့မှ ဖြစ်သည်။ ယင်းစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန် လေတပ်မှ အက်ဖ်-၁၅ စီ အီးဂဲလ် ဂျက်တိုက် လေယာဉ်များ၊ စီ-၁၃၀ ဂျေ ဟာကျူလီ အမျိုးအစား စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များနှင့်အတူ ယူကရိန်းလေတပ်မှ စစ်လေယာဉ်အစင်းရေ ၃၀ ခန့် ပါဝင်လေ့ကျင့်ကြမည်ဖြစ်သည်။

ပိုလန်နှင့် ရိုမေးနီးယား လေတပ်များမှ လေယာဉ်များလည်း ယူကရိန်းလေတပ်မှ လေယာဉ်များနှင့်အတူ ပထမဆုံးအကြိမ် အတူလေ့ကျင့် ပျံသန်းကြမည်ဟု ယူကရိန်း လေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းလေကြောင်း စစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ ဒေသတွင်း၌ စစ်ရေး စွမ်းဆောင်ရည် တိုးမြှင့်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုမြှင့်တင်ရေး၊ လေကြောင်းပိုင်နက် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ ဖြစ်ကြောင်း အမေရိကန်လေတပ်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံက ခရိုင်းမီးယား ကျွန်းဆွယ်ဒေသကို ၂၀၁၄ ခုနှစ်တွင် ယင်း၏ ပိုင်နက်နယ်မြေအတွင်း သွတ်သွင်းခဲ့ပြီးနောက် ယူကရိန်းနိုင်ငံက စစ်ရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းဒေသရှိ သူပုန်များကို ရုရှားနိုင်ငံက ထောက်ခံနေပြီး နယ်စပ်ကိုဖြတ်ကျော်ကာ တပ်ဖွဲ့များ စေလွှတ်ခဲ့ကြောင်း ယူကရိန်းနှင့် အနောက်အုပ်စုနိုင်ငံများက စွပ်စွဲပြောကြားခဲ့သော်လည်း ရုရှားနိုင်ငံက ယင်းစွပ်စွဲချက်ကို ထပ်ပြန်တလဲလဲ ငြင်းဆိုခဲ့သည်။

**အေအက်ဖ်ပီ**

## ကနေဒါနိုင်ငံ၏ အကြီးမားဆုံးရေနံချက်စက်ရုံတွင် ပေါက်ကွဲမှု ဖြစ်ပွားပြီး မီးလောင်ကျွမ်း

**မွန်ထရီယယ် အောက်တိုဘာ ၉**

ကနေဒါနိုင်ငံ၏ အကြီးမားဆုံးသော ရေနံချက်စက်ရုံတွင် အောက်တိုဘာ ၈ ရက်က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းစက်ရုံကို ပိုင်ဆိုင်သည့် ကုမ္ပဏီက မတော်တဆမှုကြီးတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ပြောကြားသည်ဟုဆိုသော်လည်း နယူးဘန်းဆွစ်မြို့ စိန့်ဂျွန်ဒေသရှိ အာဗင်း ရေနံချက်စက်ရုံတွင် ဖြစ်ပွားသည့် မတော်တဆမှုတွင် အသေးစား ထိခိုက်ဒဏ်ရာရမှုများသာရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဖော်ပြသည်။

### မီးခိုးများထိုးတက်

အဆိုပါရေနံချက်စက်ရုံသည် တစ်နေ့လျှင် ရေနံစည် ၃၀၀၀၀ ချက်လုပ်နိုင်သည်။ ရေနံချက်စက်ရုံမှ မီးတောက်မီးလျှံများ ကြီးကြားကြီးကြားထွက်ပေါ်ပုံနှင့် မည်းမှောင်သည့် မီးခိုးများ ထိုးတက်နေပုံတို့ကို အင်တာနက်လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

ပေါက်ကွဲမှုကြောင့် မိမိနေအိမ်မှာ လှုပ်ခါသွားပြီး နေအိမ်အတွင်းမှ ထွက်ပြေးခဲ့ရကြောင်း ရေနံချက်စက်ရုံအနီးတွင် နေထိုင်သူ ရော့ဘ်ဘီးဘီဆိုသူက ရေဒီယို ကနေဒါသို့ ပြောကြားသည်။

ရေနံချက်စက်ရုံမီးလောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာသည့် အနက်ရောင် မီးခိုးတိမ်တိုက်ကြီးများသည် ယင်းနေ့မွန်းလွဲပိုင်း အစမှာပင် ပျောက်ကွယ်သွားကြောင်း ရုပ်မြင်သံကြားပြကွက်တွင် မီးညွန့်ကျိုးသွားပုံကို ပြသခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် ရေနံချက်စက်ရုံ လူနေဒေသတွင်း၌ တည်ရှိပြီး ဆေးရုံတစ်ရုံနှင့်လည်း နီးကပ်စွာတည်ရှိနေသည်။ ယင်းရေနံချက်စက်ရုံပေါက်ကွဲမှုကြောင့် လမ်းများကို ရဲတပ်ဖွဲ့က ပိတ်ဆို့ထားရာ လတ်တလော အကျိုးသက်ရောက်မှုကို မတွေ့ရပေ။

**အေအက်ဖ်ပီ**



# ဟင်နရီနှင့် တယ်ရီ နည်းပြအတွဲမှာ အက်စ်တွန်ဗီလာအတွက် ပြီးပြည့်စုံဟုဆို

ဟင်နရီနှင့် ဂျွန်တယ်ရီတို့မှာ အက်စ်တွန်ဗီလာအသင်းအတွက် ပြီးပြည့်စုံသည့် နည်းပြအတွဲဖြစ်ကြောင်း အင်္ဂလန်တိုက်စစ်မှူးဟောင်း အီယန်ရိုက်က ပြောကြားခဲ့သည်။ အသက် ၄၁ နှစ်အရွယ်ရှိ ဟင်နရီသည် ဘယ်လ်ဂျီယံအသင်းတွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး အက်စ်တွန်ဗီလာအသင်းနည်းပြ စတိဗ်ဘရုစ်နေရာကို အစားထိုးဖို့ ရေပန်းစားနေသူလည်းဖြစ်သည်။

အသက် ၃၇ နှစ်အရွယ်ရှိ ဂျွန်တယ်ရီကလည်း ပြီးခဲ့သည့်ဘောလုံးရာသီက အက်စ်တွန်ဗီလာအသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့ပြီး အောက်တိုဘာ ၇ ရက်က ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သူဖြစ်သည်။

"ဟင်နရီက တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကောင်းတဲ့ ကစားသမားတစ်ဦးဖြစ်ခဲ့သလို ဂျွန်တယ်ရီကလည်း နောက်တန်းခံစစ်ပိုင်းမှာ ထူးချွန်တဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်၊ အဲဒီနှစ်ယောက်ကို တွဲဖက်လိုက်မယ်ဆိုရင် အလွန်စိတ်လှုပ်ရှားစရာ မြင်တွေ့ရမှာပါ"ဟု အီယန်ရိုက်က ဆိုသည်။

အာဆင်နယ်အသင်း၏ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့သည့် ဟင်နရီအား နည်းပြရောဘတ်တိုမာတီနက်ဇ်က ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းမှာ လက်ထောက်နည်းပြအဖြစ် ခန့်အပ်ခဲ့သည်။ ဂျွန်တယ်ရီသည်လည်း ချယ်လ်ဆီးအသင်းနှင့်အတူ ပွဲပေါင်း ၇၀၀ ကျော်ပါဝင်ကစားပေးခဲ့ကာ လက်ရှိတွင် ကစားသမားဘဝမှ အနားယူပြီး နည်းပြဖြစ်လာရန် ပြင်ဆင်နေသူဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် ၂၀၁၆ ခုနှစ်က ပရီမီယာလိဂ်မှ တန်းဆင်းခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း play-off ကစားချိန်မှာ ဖူလ်ဟမ်ကိုရှုံးနိမ့်ခဲ့သဖြင့် ချန်ပီယံရှစ်မှာပင် တင်ကျန်ခဲ့သည့်အသင်းဖြစ်သည်။ လက်ရှိတွင် အဆင့် ၁၅ နေရာတွင် ရပ်တည်နေခြင်းကြောင့် နည်းပြသစ်ခန့်အပ်ရန် ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး နည်းပြအဖြစ် ဟင်နရီကိုလည်းကောင်း၊ လက်ထောက်နည်းပြအဖြစ် ဂျွန်တယ်ရီကိုလည်းကောင်း ခန့်အပ်ရန်ရှိနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။









# ဒီဂီယာ စာချုပ်သစ်ချုပ်ဖို့ တွန့်ဆုတ်နေခြင်းကြောင့် မန်ယူ စိုးရိမ်ပူပန်နေ

မန်ယူအသင်းရဲ့ အားထားရတဲ့ ဂိုးသမားဒီဂီယာဟာ စာချုပ်သစ်ချုပ်ဆိုဖို့ တွန့်ဆုတ်နေခဲ့တာမို့ မန်ယူအသင်းအနေနဲ့ ဒီဂီယာရဲ့ မန်ယူအနာဂတ်နဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေကြီးထွားလာနေတယ်လို့ ဒီနေ့ဒေးလီးမေးလ်သတင်းတစ်ရပ်က ဆိုပါတယ်။

မန်ယူအသင်းအကြီးအကဲဖြစ်တဲ့ အက်ဒ်ဝုဒ်ဝက်ဒ်ကလည်း ဒီဂီယာရဲ့အေးဂျင့်ဖြစ်တဲ့ ဂျော့မန်ဒက်စ်နဲ့ အောက်တိုဘာ ၇ ရက်က လန်ဒန်မြို့မှာ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့လည်း သိရပါတယ်။ ဂျော့မန်ဒက်စ်ဟာ ဒီဂီယာရဲ့အေးဂျင့်ဖြစ်သလို နည်းပြမော်ရင်ဟိုရဲ့ အေးဂျင့်တစ်ဦးလည်းဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ကတော့ ကမ္ဘာ့အကောင်းဆုံးဂိုးသမားစာရင်းဝင်ဖြစ်တဲ့ စပိန်ကြယ်ပွင့်ဒီဂီယာကို တစ်ပတ်လုပ်ခလစာပေါင် ၂၇၅၀၀၀ နဲ့ ကာလရှည်စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားတယ်လို့ဆိုပါတယ်။ ဒါပေမယ့် အသက် ၂၇ နှစ်အရွယ် ဒီဂီယာဟာ နည်းပြမော်ရင်ဟိုနဲ့အတူ မန်ယူအသင်းဆုဖလားရရှိဖို့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတာကြောင့်လည်း စာချုပ်သစ်ချုပ်ဆိုဖို့ တွန့်ဆုတ်နေတာဖြစ်တယ်လို့လည်း သတင်းတွေက ဆိုပါတယ်။

ဂိုးသမားဒီဂီယာရဲ့ လက်ရှိမန်ယူအသင်းနဲ့ စာချုပ်သက်တမ်းဟာလည်း အခုဘောလုံးရာသီကုန်ရင် သက်တမ်းကုန်ဆုံးတော့မှာဖြစ်ပါတယ်။ အဲဒါကြောင့် မန်ယူအသင်းက ဒီဂီယာကို အိုးထရက်ဖို့ဒ်မှာ ဆက်ရှိနေရေး ၂၀၂၀ ပြည့်နှစ်အထိ ကာလရှည်စာချုပ်ချုပ်ဆိုဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဒါပေမယ့် ဂိုးသမားကိုယ်တိုင်ကတော့ ဇာတိမြေဖြစ်တဲ့ စပိန်ကို ပြန်သွားဖို့စီစဉ်နေတာ ဖြစ်ပါတယ်။ မန်ယူအသင်းဟာ အခုဘောလုံးရာသီမှာ ရလဒ်ပိုင်းတွေ ဆိုးရွားခဲ့ပြီး လက်ရှိမှာလည်း အမှတ်ပေးဇယားထိပ်က ဦးဆောင်နေတဲ့ အသင်းတွေနဲ့ ခုနစ်မှတ်ကွာအနေအထားနဲ့ အဆင့် ၈ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

မန်ယူအသင်းမှာ နည်းပြမော်ရင်ဟို ဆက်ရှိနေမယ်ဆိုရင် အားထားရတဲ့ ကစားသမားတချို့လည်း ဆုံးရှုံးရဖို့ရှိနေပါတယ်။ အဲဒီကစားသမားတွေထဲမှာ မန်ယူအသင်းက စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းနဲ့ ခေါ်ယူထားတဲ့ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာလည်း တစ်ဦးအပါအဝင်ဖြစ်ပြီး ပေါ့ဂ်ဘာဟာ မန်ယူအသင်းကနေထွက်ပြီး ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ဖို့သတင်းထွက်နေပါတယ်။ အခြားသော မန်ယူအသင်းကနေ ထွက်ခွာဖို့ သတင်းထွက်နေတဲ့ ကစားသမားတွေကတော့ တိုက်စစ်မှူး မာရှယ်နဲ့ နောက်တန်းကစားသမား လုခ်ရှောတို့ပဲဖြစ်ပါတယ်။ လက်ရှိမှာတော့ အဲဒီကစားသမားတွေထက်ပဲ ဂိုးသမားဒီဂီယာကို စာချုပ်သစ်ချုပ်ဆိုနိုင်ဖို့ မန်ယူအသင်း ကြိုးပမ်းနေတာဖြစ်ပါတယ်။

နည်းပြမော်ရင်ဟို အသင်းမှာ ဆက်ရှိနေမယ်ဆိုရင် ကစားသမား ၁၀ ဦးအထိ မန်ယူအသင်းကနေ ထွက်ခွာဖို့ရှိတယ်လို့ သတင်းတွေ ထွက်ပေါ်နေတာဖြစ်ပြီး ပေါ့ဂ်ဘာ၊ မာရှယ်၊ လုခ်ရှောတို့အပြင် ဒီဂီယာ၊ ဘိုင်လီ၊ ဗလင်စီယာ၊ မာတာ၊ ဟာရဲရား၊ အက်ရှ်လေယန်း၊ ဖီးဂျုံးစ်တို့လည်း မန်ယူက ထွက်ခွာဖို့ရှိနေတာဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းသည် စပါးနှင့် အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆန္ဒရှိနေပြီး ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀၀ သာ သတ်မှတ်ထားကြောင်း သိရသည်။
- **ပရီမီယာလိဂ်ကလပ် အသင်းအတော်များများက ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေ့ါမွန်အသင်းမှ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုအား ခေါ်ယူရန် စိတ်ဝင်စားနေပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ ကျော်ကုန်ကျမည်ဖြစ်ကြောင်းလည်း သိရသည်။**
- မန်ယူအသင်းနည်းပြမော်ရင်ဟိုသည် အင်တာမီလန် နောက်တန်းကစားသမားဆကရီနီယာနှင့် အေစီမီလန် နောက်တန်းကစားသမား ရိုမာနိုလီတို့အား ဇန်နဝါရီဈေးကွက်အတွင်း ခေါ်ယူမည်ဟုဆိုသည်။
- **စပါးနောက်တန်းကစားသမား ဗာတွန်ဂန်သည် တံကောက်ကြောဒဏ်ရာကြောင့် နှစ်လကျော်အနားယူရမည်ဖြစ်ကြောင်း သိရသည်**

# စာချုပ်သစ်ချုပ်ဆိုရေးနှင့် ရီးယဲလ်သို့ပြောင်းရွှေ့ရေး အိပ်မက်နှစ်ခုကြား ဆုံးဖြတ်ချက်ချရန် တိုက်စစ်မှူး ဟာဇက် ဒွိဟဖြစ်နေ

တိုက်စစ်မှူး ဟာဇက်ဟာ လက်ရှိကလပ် ချယ်လ်ဆီးအသင်းမှာ ဆက်ရှိဖို့ စာချုပ်သစ်ချုပ်ဆိုရေးနဲ့ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရေးဆိုတဲ့ အိပ်မက်နှစ်ခုကြားမှာ ဆုံးဖြတ်ချက်ချဖို့ ဒွိဟဖြစ်နေတယ်လို့ ဆိုပါတယ်။




ဘယ်လ်ဂျီယံတိုက်စစ်မှူး ဟာဇက်ဟာ ချယ်လ်ဆီးအသင်းနဲ့ စာချုပ်သက်တမ်းနှစ်နှစ်ကျန်ရှိနေသေးပေမယ့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ တိုက်စစ်မှူး ဟာဇက်ဟာ အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ခုနစ်ဂိုးအထိသွင်းယူထားတဲ့ ကစားသမားလည်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာလည်း တိုက်စစ်မှူးဟာဇက်ရဲ့သွင်းဂိုးတွေနဲ့အတူ ပရီမီယာလိဂ်မှာ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီး ရမှတ် ၂၀ နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်ထားနိုင်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။

ဟာဇက်အနေနဲ့ ကစားသမားဘဝကနေ အနားမယူမီ ကြီးမားတဲ့အပြောင်းအရွှေ့တစ်ခုကို ပြုလုပ်လိုတယ်လို့ ပြောခဲ့ပြီး သူပြောင်းရွှေ့လိုတဲ့အသင်းကတော့ ကမ္ဘာ့အကောင်းဆုံးအသင်းတစ်သင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းလို့လည်း ဆိုပါတယ်။ ဟာဇက်ကို ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ထားတယ်လို့လည်း သိရပါတယ်။

ငွေကြယ် - ရေးသားသည်

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၁၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၈ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ၁၂ ဘီးယာဉ် တစ်စီးနှင့် အင်ဘိုဆီအုန်းခြံ ရှောင်ကွင်းလမ်းအတွင်း စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် M-150(150 ml×50) (825 Liter) နှင့် Sugar (1×50Kg) TRR, HACCP(30 Bags) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၁၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၄၀၀ နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**မြိတ် အောက်တိုဘာ ၉**
မြိတ်ခရိုင် မြိတ်မြို့၌ အောက်တိုဘာ ၈ ရက် ည ၉ နာရီခွဲခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၆၆၄၀၀ နှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၈ ရက်ည ၉ နာရီခွဲခန့်က မြိတ်မြို့ မြိတ်တောင်နယ်မြေ မြို့မ ၂ ရပ်ကွက် ပိတောက်လမ်း အမှတ် ၂၁ နေ ကြည်သာထွန်းနှင့် ၎င်း၏ညီဖြစ်သူ ဝေယံထွန်းတို့၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိ ဖြန့်ဖြူးသုံးစွဲရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၄၀၀၊ အလေးချိန် ၆ ဒသမ ၆၄ ကီလိုဂရမ်နှင့်အတူ ဆက်စပ်ပစ္စည်းများနှင့် ၎င်းနေအိမ် အရှေ့တွင် ရပ်ထားသည့် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုသော ယာဉ်တစ်စီးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါးများလက်ဝယ်ထားရှိ ဖြန့်ဖြူးသုံးစွဲ ရောင်းချနေသူ ကြည်သာထွန်းကို မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဝေယံထွန်းအား ဖမ်းဆီးရမိရေး မြိတ်မြို့မရဲစခန်းမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မြင့်ဦး(မြိတ်)**

## နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်းတွင် ယာဉ်ငယ်တစ်စီး မီးလောင်မှုဖြစ်

**ကျောက်တံခါး အောက်တိုဘာ ၉**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်း အပိုင် နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီးတွင် အောက်တိုဘာ ၈ ရက် ည ၈ နာရီခန့်က နေပြည်တော်မှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်ငယ်တစ်စီး မီးလောင်ခဲ့ကြောင်း သိရသည်။



အမြန်လမ်းမကြီး မိုင်တိုင် ၉၉/၂ နှင့် ၃ အကြားတွင် ယာဉ်ငယ်တစ်စီး မီးလောင်လျက်ရှိကြောင်း သတင်းအရ မြို့ချောင်းအမြန်လမ်းရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူး နိုင်ဝင်း ဦးစီးအဖွဲ့သည် အမြန်လမ်းမကြီး မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးဝေဇင် ဦးစီးအဖွဲ့တို့နှင့် ပူးပေါင်း၍ သွားရောက်စစ်ဆေးငြိမ်းသတ်ခဲ့ကြောင်း၊ နေပြည်တော်မှ ရန်ကုန်သို့ ပြည်သစ်နိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသည့်ယာဉ်မှာ အခင်းဖြစ်နေရာအရောက် ရှေ့အင်ဂျင်စက်ခန်းအတွင်းမှ မီးခိုးများထွက်လာပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ပြည်သစ်နိုင်အား မြို့ချောင်းအမြန်လမ်းရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆန်းလွင်**

## ကားလမ်းဖြတ်ကူးသူအား ဝင်တိုက်မိပြီး ထွက်ပြေးသွားသည့်ယာဉ် တောင်ငူမြို့၌ ဖမ်းဆီးရမိ

**ရေတာရှည် အောက်တိုဘာ ၉**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြောက်နန်ချွန်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းတွင် အောက်တိုဘာ ၈ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က ကားလမ်းဖြတ်ကူးသူအား ဝင်တိုက်ပြီး ထွက်ပြေးမောင်းနှင်သွားကြောင်း သိရသည်။

သတင်းအရ ရေတာရှည်မြို့မရဲစခန်း တာဝန်မှူး ဒု-ရဲအုပ် အောင်သာပြည့် ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် ၁၈၇/၅ နှင့် ၆ အကြား ယာဉ်တိုက်မှုကြောင့် ဒဏ်ရာများရရှိထားသူ သန်းဇော်အား နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ တင်ပို့ခဲ့သည်။

ထို့နောက် ထွက်ပြေးမောင်းနှင်သွားသော ယာဉ်မောင်းအားဖမ်းဆီးနိုင်ရန် တောင်ငူမြို့မရဲစခန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့စုသို့ အကြောင်းကြားခဲ့ရာ ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က တောင်ငူမြို့ ဆေးရုံကြီးရှေ့ မီးပွိုင့်တွင် ထွက်ပြေးသွားသော ယာဉ်နှင့် မောင်းနှင်သူ ဝေလင်းအောင် ရမည်းသင်းမြို့နေသူအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းအား ရေတာရှည်မြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဆန်းလွင်**

## မူဆယ်နှင့် နမ့်ခမ်းမြို့နယ်တွင် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၉**
မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက် ညနေ ၅နာရီ ၁၅ မိနစ်က မူဆယ်မြို့နယ် နောင်လောင်းကျေးရွာအုပ်စု နမ့်စန့်ဂိုဒေါင်ကျေးရွာ သချိုင်းကုန်းအနီးတွင် အိုက်မွန်းမောင်းနှင်ပြီး အိုက်ကျော် စီးနင်းလာသောမော်တော်ဆိုင်ကယ်ကို ရှာဖွေရာ အိုက်မွန်း ဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၀၀၀၆ ကီလိုကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မန့်ဟောင်းကူးတို့ဆိပ်သွားလမ်း မန့်ဟောင်းကျေးရွာအထွက်လမ်းတွင် ဆီကြားရှော့ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်းသုည ဒသမ ၁၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



ဆီကြားရှော့အား သိမ်းဆည်းရမိ ဘိန်းစိမ်းများနှင့်အတူတွေ့ရစဉ်။

**သတင်းစဉ်**

## ဘုတလင်မြို့၊ ကျောက်ထုနှင့်ဂန့်ဂေါတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကျော်လျက်ရှိ

**ဘုတလင် အောက်တိုဘာ ၉**
စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘုတလင်-မောင်းထောင်လမ်း အိုင်ပေါင်းချောင်ကျေးရွာ၊ ဆည်ဝကျေးရွာများရှိ လမ်းဘေးအနိမ့်ပိုင်းလမ်းများနှင့် လူနေအိမ်များသို့ မိုးရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးရေနစ်မြုပ်သည့်နေရာများသို့ ယနေ့ ညနေ ၃ နာရီက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံကျေးရွာပြည်သူများ သွားလာရေးအဆင်ပြေ ချောမွေ့စေရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဟန်ထွန်း**

အလားတူ ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နှင့် ကျောက်ထုမြို့တို့တွင် အောက်တိုဘာ ၄ ရက်မှ စတင်၍ မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိရာ အောက်တိုဘာ ၈ ရက်တွင် ဂန့်ဂေါမြို့၌ သုည ဒသမ ၄၃ လက်မ၊ ကျောက်ထုမြို့၌ သုည ဒသမ ၉၅ လက်မ ရွာသွန်းကြောင်း သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနများမှ သိရသည်။

ထိုသို့ ရွာသွန်းသဖြင့် မိုးစပါးခင်းများတွင် လိုအပ်သည့်မိုးရေများရရှိကာ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေကြောင်း ကျောက်ထုမြို့နေ ပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**၄၆၅**

## အသိပေးနှိုးဆော်ချက်

မကြာမီကာလအတွင်း သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ရောက်ရှိပြီး အဆိုပါပွဲတော်များကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများကလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## မြန်မာ့ရုပ်မြင်သံကြား

**၁၀-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ “စီးပွားရေးစကားဝိုင်း” “မြန်မာနိုင်ငံလယ်ယာကဏ္ဍနှင့် SME ကဏ္ဍတွင် ငွေကြေးဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးမှုဆိုင်ရာ စီးပွားရေးစကားဝိုင်း” (အပိုင်း- ၂)
- ၉း၂၀ စိုက်ပျိုးရေးရာအဖြေရှာ “သစ်အယ်သီးနှင့်မက်မန်းသီး စိုက်ပျိုးထွက်ရှိရာ ပြင်ဦးလွင်မြို့နယ်မှာ”
- ၉း၄၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော်ဉာဏ်လင်းအောင်)
- ၁၀း၃၅ ပြည်သူ့နီတိ “ရိုးဂုဏ်”
- ၁၁း၁၅ “ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ” (၇၉)
- ၁၁း၂၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၄း၄၅ " MSMES Small Level ပထမဆုရ Ready Made သားသားဆန်ပြုတ်”

**ညပိုင်း**

- ၁၆း၃၅ “ရှမ်းရိုးရာခေါင်းပေါင်း”
- ၁၇း၂၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “အဝေးချစ်” (အောင်ရဲလင်း၊ ထွန်းကိုကို၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ သန္တာဗို) (ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)”
- ၁၇း၃၅ MRTV Travelogue
- ၁၈း၂၅ “ဇီဝမျိုးတွေကြွယ်စေဖို့သဘာဝတောတွေထိန်းကြစို့” (မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော)
- ၁၈း၄၅ “သီတင်းကျွတ်လ”
- ၂၀း၀၀ ပြည်တွင်းသတင်း၊ -နိုင်ငံတကာသတင်း၊ -မိုးလေဝသအခြေအနေ
- ၂၀း၃၅ “၂၀၁၈ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ဟောပြောချက်” (ဒီမိုကရက်တစ်ပါတီ) (မြန်မာ) သုခမရင်ခွင်အငြိမ့်သဘင် “မန္တလေးလူငယ်များအငြိမ့်” (မင်းသမီး- မှုံနံ့သာ၊ လူရွှင်တော်- ထင်ပေါ်၊ ထင်ကျော်၊ မင်းနောင်) (ဒါရိုက်တာ- ဖုန်းမြင့်အောင်)

**အစီအစဉ်ပြီး၏။**

# ကယားပြည်နယ်တွင် ဒေသန္တရစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေး

**လွိုင်ကော် အောက်တိုဘာ ၉**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရေးဆွဲခြင်းဆိုင်ရာ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ မူဝါဒများအပေါ် တိကျမှန်ကန်စွာ ကျင့်သုံးလိုက်နာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းကို အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကယားပြည်နယ်၏ ကဏ္ဍကြီးအလိုက် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များအပေါ် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေ၊ ပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်၏စီမံကိန်းလုပ်ငန်းများအပေါ် ပြည်နယ်ဘတ်ဂျက်၊ ပြည်ထောင်စုဘတ်ဂျက် ခွဲဝေချထားပေးမှု အခြေအနေများနှင့် ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်လျာထား ဆောင်ရွက်မှုအခြေအနေ၊ ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ ပြည်နယ်ဦးစီးမှူးက မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (MLCS-2017) အစီရင်ခံစာပါ ကယားပြည်နယ်နှင့် သက်ဆိုင်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။



အဆိုပါ ရှင်းလင်းတင်ပြမှုများအပေါ် ကယားပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က စီမံကိန်းလုပ်ငန်းများ၊ စစ်တမ်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်ပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မြေပြင်ပကတိအခြေအနေနှင့် ကိုက်ညီမှန်ကန်မှုရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိရန်လိုအပ်ကြောင်း၊ မြေပြင်ပကတိ အခြေအနေနှင့် မကိုက်ညီသည့် ကိန်းဂဏန်းများကို အခြေခံ၍ စီမံကိန်းများရေးဆွဲဆောင်ရွက်ပါက တိုးတက်မှုအရွေ့တစ်ခုကို ရောက်ရှိမှာမဟုတ်သဖြင့် ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း၊ ပြည်နယ်၏ အခွန်ကောက်ခံရရှိမှု၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး၊ ဓာတ်သတ္တု၊ စိုက်ပျိုးရေးကဏ္ဍ၊ စာတတ်မြောက်မှုတို့နှင့်ပတ်သက်ပြီး ကောင်းမွန်သည့် အရွေ့တစ်ခုရောက်ရှိရန် အားလုံးကြိုးစားဖော်ဆောင်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **အောင်ထွန်းလေး**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် တံခွန်စိုက်ဖလားဆုရ ပြေးခုန်ပစ်အဖွဲ့အား ဂုဏ်ပြု

**ထားဝယ် အောက်တိုဘာ ၉**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိသော တနင်္သာရီတိုင်းဒေသကြီး ပြေးခုန်ပစ်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တနင်္သာရီတိုင်းဒေသကြီးသည် ပြေးခုန်ပစ်အားကစားနည်းတွင် မြန်မာ့လက်ရွေးစင် အားကစားသမားများကို မွေးထုတ်ပေးနိုင်သော အစဉ်အလာရှိသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ရွှေ ရှစ်ခု၊ ငွေ ၁၁ ခု၊ ကြေး ခြောက်ခု၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆု၊ အမျိုးသားအသင်း ဒုတိယဆု၊ အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆု၊ ၂၀၁၈ ခုနှစ်တွင် ရွှေ ၁၃ ခု ၊ ငွေ ခုနစ်ခု၊ ကြေးခြောက်ခု၊ အမျိုးသမီး၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသမီး၊ အမျိုးသား စုပေါင်းတံခွန်စိုက်ဒိုင်းဆုဆွတ်ခူးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးပြေးခုန်ပစ်အသင်းအုပ်ချုပ်သူ ဦးသန်းဇော်မိုးက ဆုရရှိခဲ့မှုများနှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီး တံခွန်စိုက်ဆုဖလားများအား တာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အပ်နှံသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပထမဆုဖလားဆွတ်ခူးရရှိသော တနင်္သာရီတိုင်းဒေသကြီး ပြေးခုန်ပစ်အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် ၈၂ သိန်းချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထားဝယ်ခရိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ကော့သောင်း အကျဉ်းထောင်ကြည့်ရှု

**ကော့သောင်း အောက်တိုဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးတင်အောင်သည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ကော့သောင်း အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အကျဉ်းသူ၊ အကျဉ်းသားများနှင့် အချုပ်သူ အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းသားများ၏ ဥပဒေပါအခွင့်အရေးများရရှိခြင်းနှင့် ကြန့်ကြာနေသော စစ်ဆေးဆဲအချုပ်တရားခံများနှင့် စပ်လျဉ်း၍ အကျဉ်းသားများနှင့် တွေ့ဆုံမေးမြန်းကာ အကျဉ်းသားများ၏ အဆောင်၊ နေရာထိုင်ခင်း၊ စားဖိုဆောင်၊ သောက်သုံးရေ၊ သန့်စင်ခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# ကြားဖြတ်ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ သင်တန်းဖွင့်



**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အထက ၄ မြတ်ပန်းသဇင်ခန်းမ၌ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ကြားဖြတ်ရွေးကောက်ပွဲအတွက် လုံခြုံရေးနှင့်ပတ်သက်သော ရက်တိုသင်တန်းဖွင့်လှစ်သည်။

အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုးလွင်က လုံခြုံရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ တာမွေမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းပိုင်က ရွေးကောက်ပွဲဥပဒေမှ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဘုန်းကျော်က ရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် ကျင့်ဝတ်များကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းသို့ အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့မရဲစခန်းများမှ မဲရုံလုံခြုံရေးဆောင်ရွက်မည့် ရဲတပ်ဖွဲ့ဝင် ၁၄၀၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။

**ငွေးနိုင်**

# ဖန်ဘင်းဘင်း အခွန်ရှောင်ခဲ့မှုကို စုံစမ်းခဲ့ကြတဲ့ တာဝန်ရှိသူများ အပြစ်ပေးခံရ



တရုတ်နိုင်ငံရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်သူ ဖန်ဘင်းဘင်းကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ဝင်ငွေခွန် မှန်ကန်စွာပေးဆောင်ခဲ့ခြင်းမရှိတာကြောင့် ပြစ်ဒဏ်ချမှတ်ပြီးနောက် လတ်တလောမှာတော့ ဖန်ဘင်းဘင်းရဲ့ အမှုမှာ ပါဝင်စုံစမ်းခဲ့ကြတဲ့ တာဝန်ရှိသူတွေဟာလည်း အပြစ်ပေးခြင်းခံခဲ့ရကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒေသမီဒီယာတွေရဲ့ ပြီးခဲ့တဲ့ အောက်တိုဘာ ၈ ရက်မှာ ထုတ်ဖော်ရေးသားခဲ့တဲ့ သတင်းတွေအရ ဖန်ဘင်းဘင်းရဲ့ အမှုမှာ ပါဝင်စုံစမ်းခဲ့ကြတဲ့ တာဝန်ရှိသူတွေအနက် အနည်းဆုံး ငါးဦးခန့် ပြစ်ဒဏ်ပေးခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ဒီလို အပြစ်ပေးခံခဲ့ရသူတွေထဲမှာ ဖန်ဘင်းဘင်းရဲ့ ကုမ္ပဏီအခြေစိုက်ရာ ဝူရှီမြို့က အခွန်ဗျူရိုအကြီးအကဲလည်း ပါဝင်နေတာဖြစ်တယ်လို့ ဆင်ဟွာသတင်းဌာနရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။ တာဝန်ရှိသူတွေကို စီမံခန့်ခွဲရေးမှာ ညံ့ဖျင်းတာကြောင့် အခုလို အပြစ်ပေးရခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

ဆင်ဟွာသတင်းဌာနရဲ့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ချက်တွေအရ ဖန်ဘင်းဘင်းကို တရုတ်အကောက်ခွန်ဌာနမှ တာဝန်ရှိသူတွေက အခွန်ရှောင်မှုအတွက် ဒဏ်ကြေးငွေ ယွမ် ၄၇၉ သန်းကျော် ပေးဆောင်စေခဲ့တဲ့အပြင် ယွမ် ၂၅၅ သန်းကိုလည်း အခွန်ပေးဆောင်စေဖို့ရာ အမိန့်ထုတ်ပြန်ခဲ့ကြောင်းလည်း သိရပါတယ်။

ဖန်ဘင်းဘင်းဟာ ပြီးခဲ့တဲ့ ဇွန်လအတွင်း အခွန်ရှောင်ခဲ့ကြောင်းနဲ့ စုံစမ်းစစ်ဆေးမှုတွေ ခံယူနေရကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့စဉ်ကတည်းက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာပါ ကွယ်ပျောက်နေခဲ့တာ ဖြစ်ပါတယ်။ ဒဏ်ငွေပေးဆောင်ဖို့ရာ အမိန့်ချမှတ်ခံခဲ့ရပြီးနောက်မှာတော့ ဖန်ဘင်းဘင်းက သူမရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ပရိသတ်တွေကို တောင်းပန်စကား ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။



# လက်ထပ်လိုက်ပြီဖြစ်တဲ့ ဂျိုဂျန်ဆပ်

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဂျိုဂျန်ဆပ်ဟာ လက်ထပ်လိုက်ပြီဖြစ်ကြောင်း လတ်တလောမှာတော့ သူ့ရဲ့ အေဂျင်စီက မင်္ဂလာဓာတ်ပုံတွေကို ထုတ်ဖော်ပြသရင်း တရားဝင်ပြောကြားလိုက်တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျိုဂျန်ဆပ်ဟာ သူနဲ့ ချစ်သူတွေအဖြစ် အချိန်အတော်ကြာ လက်တွဲလာခဲ့တဲ့ တောင်ကိုရီးယားတစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂမ်မီနဲ့ လက်ထပ်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ မင်္ဂလာဓာတ်ပုံတွေကိုတော့ အေဂျင်စီက ပြီးခဲ့တဲ့ အောက်တိုဘာ ၈ ရက်မှာ ထုတ်ဖော်ပြသခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

သူတို့နှစ်ဦးဟာ ၂၀၁၃ ခုနှစ်အတွင်း ရင်းနှီးတဲ့ သူငယ်ချင်းတစ်ဦးရဲ့ မိတ်ဆက်ပေးမှုကြောင့် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး နောက်ပိုင်းမှာ ချစ်သူတွေဖြစ်ခဲ့ကြတာပါ။ ချစ်သူသက်တမ်း ငါးနှစ်အကြာမှာတော့ လက်ထပ်ခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။

# တေးဗီဒီယိုသစ် ရိုက်ကူးခဲ့ပြီးဖြစ်တဲ့ TWICE



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့ "TWICE"ဟာ မကြာမီ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ ရည်ရွယ်ထားတာကြောင့် တေးသီချင်းသစ်အတွက် တေးဗီဒီယိုကို ရိုက်ကူးခဲ့ရာ လတ်တလောမှာတော့ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေ အရ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၈ ရက်မှာတော့ "TWICE" ဟာ တေးဗီဒီယိုသစ် ရိုက်ကူးပြီးခဲ့ပြီဖြစ်ကြောင်း ရင်းနှီးတဲ့သတင်းရင်းမြစ် တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။ အဆိုပါတေးဂီတအဖွဲ့ဟာ လာမယ့် နိုဝင်ဘာလအတွင်း တေးဗီဒီယိုသစ်ကို စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ ပြင်ဆင်ခြင်းတွေဟာလည်း နောက်ဆုံးအဆင့်မှာရှိနေပြီဖြစ်ကာ တေးဗီဒီယိုသစ်ကတော့ ရိုက်ကူးပြီးစီးခဲ့တာ ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

တိုတိုထွာထွာဖတ်စရာ

## စာပေဝါသနာပါ ကလပ်အသင်းအဖွဲ့များ တွေ့ဆုံ

**ဟိုပုံး**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် စာပေဝါသနာပါ ကလပ်အသင်းအဖွဲ့သုံးဖွဲ့ တွေ့ဆုံပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက ဟိုပုံးမြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဟိုပုံးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဦးနန်းတင့်က အမှာစကားပြောကြားခဲ့ပြီး တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်သန်းဦးက Book Club၊ Woman Club၊ Youth Club ဖွဲ့စည်းရခြင်းအကြောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**

## ဂျူဒိုအဆင့်မြင့် နည်းပညာနှင့် ဒိုင်လူကြီးသင်တန်းဖွင့်

**ရန်ကုန်**
ဂျူဒိုအဆင့်မြင့်နည်းပညာနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်း သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း တက်ရောက် အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံမှ ဂျူဒိုဒိုင်နည်းပြများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

အားကစားနှင့် ကာယသိပ္ပံမှ နည်းပြများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် တိုင်းတပ်မ စစ်ဌာနချုပ်မှ နည်းပြများ၊ သင်တန်းသား သင်တန်းသူ ၅၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ပတ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စောသိန်းဝင်း**

## သန်လျင်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများတွေ့ဆုံ

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် စစ်ပင်ကွင်းကျေးရွာ၊ ဘယက်ကျေးရွာများရှိ ဒေသခံပြည်သူများအားတွေ့ဆုံပွဲကို အောက်တိုဘာ ၇ ရက် မွန်းတည့် ၁၂ နာရီက သန်လျင်မြို့ စစ်ပင်ကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ၌ ကျင်းပခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်၊ ဦးအောင်နိုင်ထွန်း၊ သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကျေးရွာပြည်သူများက သိလိုသည်များကို မေးမြန်းကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင် ပြန်/ဆက်)**

## ပဲခူးမြို့နယ်၌ အရှည်ပေ ၁၇၀၀ ရှိ ရွာလယ်ကွန်ကရစ်လမ်းဖွင့်

**ပဲခူး**
ပဲခူးမြို့နယ် ဘုရားကလေးကျေးရွာအုပ်စု ဥက္ကံကျေးရွာတွင် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေဖြင့် ပြုလုပ်ခဲ့သော ကျေးရွာတွင်းလမ်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ဥက္ကံကျေးရွာ ရွာလယ်လမ်းသည် အရှည် ပေ ၁၇၀၀ ရှိပြီး အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းဖြစ်ကြောင်း သိရသည်။ **၅၈၈**

# ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ စည်းကမ်းလိုက်နာရေးနှင့် ဘေးကင်းလုံခြုံရေး စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၉**
ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ စည်းကမ်းလိုက်နာရေးနှင့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ကူးတို့ဆိပ်များ၌ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာမှုရှိစေရေးအတွက် ရှောင်တခင်စစ်ဆေးခြင်းကို အောက်တိုဘာ ၈ ရက် နံနက် ၁၁ နာရီက ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်စက်တပ်သမ္ဗန် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ဒလမြို့နယ်အတွင်း ပုဂ္ဂလိကပိုင် သမ္ဗန်ကူးတို့ဆိပ်ခြောက်ဆိပ်နှင့် သမဝါယမပိုင် သမ္ဗန်ကူးတို့ဆိပ်ငါးဆိပ် စုစုပေါင်းကူးတို့ဆိပ် ၁၁ ဆိပ်ရှိရာ မှော်စက်ကူးတို့ဆိပ်၊ ကမာကဆစ်ကူးတို့ဆိပ်၊ စက်မြေကူးတို့ဆိပ်နှင့် ကမာကသွယ်ကူးတို့ဆိပ်တို့ကို ထိုနေ့ နံနက်က ရှောင်တခင်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသော စက်တပ်သမ္ဗန်ကူးတို့ဆိပ်များကိုလည်း ထပ်မံစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

စက်တပ်သမ္ဗန်ကူးတို့ဆိပ်များအားလုံး၌ ခရီးသည်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် လက်ကိုင်အသံချဲ့စက်ဖြင့် အသိပညာပေးခြင်းကို စဉ်ဆက်မပြတ် ပြောကြားရေး၊ အသက်ကယ်အင်္ကျီများ ထားရှိစေရေး၊ သတ်မှတ်ခရီးသည်ထက် ပိုမိုမလိုက်ပါစေရေး၊ အသက်ကယ်အင်္ကျီများ ဝတ်ဆင်စေပြီးမှသာ မောင်းနှင်ကြစေရေး၊ ရေယာဉ်မောင်းသူများနှင့် ခရီးသည်များ လိုက်နာရမည့် စည်းကမ်းချက်များကို လူအများ မြင်သာအောင် ဗီနိုင်းဖြင့် ရေးသား၍ သမ္ဗန်ဆိပ် အတက်၊ အဆင်း(ရန်ကုန်၊ ဒလ) ဘက်ခြမ်းတို့၌ ဆိုင်းဘုတ်ထောင်ထားရေး၊ ကူးတို့ဆိပ်များရှိ စက်တပ်သမ္ဗန်များ ကြံ့ခိုင်မှု ရှိ၊ မရှိ ကူးတို့ဆိပ်ဥက္ကဋ္ဌများက စဉ်ဆက်မပြတ်စစ်ဆေးရေးနှင့် အရေးပေါ်အခြေအနေများဖြစ်ပါက အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နိုင်မည့် ဖုန်းများထားရှိရေးအတွက် ရေယာဉ်အသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက ပြောကြားသည်။

"ဒီနေ့ ကူးတို့ဆိပ်တချို့ကို ရှောင်တခင်စစ်ဆေးတဲ့အခါ အားနည်းချက်၊ အားသာချက် သိပ်မရှိဘူး၊ ပစ္စည်းတွေစုံစုံလင်လင်ထားရှိပေးထားတာကို တွေ့ရတယ်၊ တစ်လကို နှစ်ကြိမ်စစ်ဆေးတယ်၊ မလိုက်နာတဲ့ သမ္ဗန်ရေယာဉ်တွေကို သတိပေးမှတ်တမ်းတင်တယ်။ ဆက်ပြီးတော့ ပြစ်ဒဏ်ပေးပြီး အရေးယူဖို့ရှိပါတယ်၊ ကူးတို့ဆိပ်အားလုံးမှာ ဂိတ်မှူးနဲ့ ကြီးကြပ်ရေးက စက်တပ်သမ္ဗန်ကြံ့ခိုင်မှု ရှိ၊ မရှိနဲ့ ရေယာဉ်မောင်းသူ စည်းကမ်းလိုက်နာမှု ရှိ၊ မရှိစစ်ဆေးတယ်၊ ခရီးသည်တွေ အတက်၊ အဆင်း အဆင်ပြေအောင် သမ္ဗန်ကိုင်တဲ့သူတစ်ယောက်က ဆောင်ရွက်ပေးရတယ်" ဟု ဒလမြို့နယ်စက်တပ်သမ္ဗန်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပြောသည်။

"တချို့သမ္ဗန်တွေမှာ အသက်ကယ်အင်္ကျီ ဟောင်းနွမ်းတာတွေရှိတယ်၊ ဒါတွေကို လိုင်စင်သက်တမ်းတိုးတဲ့အချိန်မှာ အသစ်လဲလှယ်ဖို့ စီစဉ်ထားပါတယ်၊ ခုဆို သမ္ဗန်တိုင်းမှာ အသက်ကယ်ဘောကွင်းတစ်ခုစီ ထားပေးတယ်။ စည်းကမ်းပိုင်းက အရက်သေစာသောက်စားပြီးမောင်းရင် ခွင့်မလွှတ်ဘူး၊ အရေးယူမယ်၊ အချို့ဆို အရေးယူလိုက်လို့ အနားယူသွားတဲ့သူတွေရှိပါတယ်၊ စက်တပ်သမ္ဗန်ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးခြင်းတို့ကို တာဝန်ရှိသူများနှင့် တစ်လလျှင် နှစ်ကြိမ် ကွင်းဆင်းစစ်ဆေးပြီး လိုက်နာမှုမရှိရင် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားပြည်သူများအနေဖြင့် စက်တပ်သမ္ဗန်စီးတိုင်း အသက်ကယ်အင်္ကျီ ဝတ်ဆင်ပြီး စီးကြစေလိုကြောင်း" ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ စည်းကမ်းလိုက်နာရေးနှင့် ပြည်သူများဘေးကင်းလုံခြုံရေး ရှောင်တခင်စစ်ဆေးခြင်းကို ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ ဒလမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး နိုင်ဝင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြွေ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ငြိမ်းအောင်၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စက်တပ်သမ္ဗန် ရေယာဉ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ စစ်ဆေးခဲ့ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေး အသိပညာပေးလှုံ့ဆော်မှုပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၉**
ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် အသိပညာပေးလှုံ့ဆော်မှုကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများနှင့် ဆိုရှယ်မီဒီယာတို့တွင် ပညာပေးလှုံ့ဆော်မှုအား ရက်သတ္တခြောက်ပတ်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းရုံး၌ အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီခွဲက ကျင်းပသော ပညာပေးလှုံ့ဆော်မှုအခမ်းအနားမှ သိရသည်။

ကမ္ဘာပေါ်ရှိလူဦးရေ ၁ ဒသမ ၄ ဘီလီယံသည် ဆေးလိပ်၊ စီးကရက်သောက်ရာတွင်ဖြစ်စေ၊ အခြားဆေးရွက်ကြီးထွက်ပစ္စည်းများဖြစ်စေ အသုံးပြုလေ့ရှိပြီး ထိုသို့သုံးစွဲမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်ခုနစ်သန်းကျော်သေဆုံးလျက်ရှိကာ ဆေးရွက်ကြီးသုံးစွဲခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးခြင်းကြောင့် ခြောက်သန်းကျော်တိုက်ရိုက်ဆက်နွယ်သေဆုံးလျက်ရှိပြီး ကျန်တစ်သန်းခန့်သည် တိုက်ရိုက်မဟုတ်သော ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သေဆုံးကြသူများဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူများ အသက် ၁၅ နှစ်အထက် အမျိုးသား ၄၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၈ ဒသမ ၄ ရာခိုင်နှုန်းမှာ ဆေးရွက်ကြီးသုံးစွဲသူများဖြစ်ကြပြီး အမျိုးသား ၆၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၄ ဒသမ ၁ ရာခိုင်နှုန်းသည် ဆေးရွက်ကြီးထွက်ပစ္စည်းများ ကွမ်းယာသုံးစွဲသူများဖြစ်ကြောင်း ၂၀၁၄ ခုနှစ် စစ်တမ်းအရ သိရသည်။

အသက်ငယ်ရွယ်သူလူငယ်များ အသက် ၁၃ နှစ်မှ ၁၅ နှစ်ကြား ယောကျ်ားလေး ၂၁ ရာခိုင်နှုန်းနှင့် မိန်းကလေး ၂ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သုံးပြီး ယောကျ်ားလေး ၁၁ ရာခိုင်နှုန်းနှင့် မိန်းကလေး ၂ ရာခိုင်နှုန်းသည် ကွမ်းယာစားသုံးသူများဖြစ်ကြောင်း၊ လူဦးရေ ၅၆၄၀၀ မှာ ဆေးရွက်ကြီးနှင့် ဆက်နွယ်သည့်ရောဂါဖြင့် နှစ်စဉ်သေဆုံးလျက်ရှိ၍ အမျိုးသား ၁၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၂ ရာခိုင်နှုန်းသည် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သေဆုံးရလျက်ရှိကြောင်း ၂၀၁၆ ခုနှစ် စာရင်းများအရ သိရသည်။

ယနေ့ လူထုလှုံ့ဆော် လှုပ်ရှားပွဲဖြစ်သော ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးတွင် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ဒုတိယဥက္ကဋ္ဌဒေါက်တာသိန်းဆွေနှင့် အလုပ်အမှုဆောင် ဒေါက်တာသိန်းထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲမှ ဒေါက်တာဖြူဖြူအေး(ညွှန်ကြားရေးမှူး)နှင့် မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနမှ ဒေါက်တာကျော်ကံကောင်း (ညွှန်ကြားရေးမှူး)တို့က အသီးသီးဆွေးနွေးပြောကြားသည်။

**သစ္စာ**



# ချမ်းမြသာစည်မြို့နယ် ခိုင်ရွှေဝါလမ်းအား လမ်းသားကျစ်လျစ်မှုနည်းပညာ အသုံးပြုလမ်းသစ်ခင်း

**မန္တလေး အောက်တိုဘာ ၉**
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့ သာယာလှပစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့လူထုသွားလာမှု အဆင်ပြေစေရေးအတွက် မြို့ဝင်လမ်းမကြီးများနှင့် မြို့တွင်းလမ်းများအား လမ်းသားတိုးချဲ့၍ နိုင်လွန်ကတ္တရာလမ်းများအဖြစ် ခင်းကျင်းပေးလျက်ရှိသည်။

အလားတူ မြို့သစ်နေပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက်လည်း ကျောက်ချောလမ်း၊ ကတ္တရာလမ်းများအား ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ခင်းပေးလျက်ရှိသည်။

ချမ်းမြသာစည်မြို့နယ် အောင်သာယာ ရပ်ကွက် ၄၅ လမ်းနှင့် ၄၆ လမ်းကြားရှိ ခိုင်ရွှေဝါလမ်းအား လမ်းတံတားဌာနရှိ စက်သစ်ကြီးများဖြင့် လမ်းသားကျစ်လျစ်မှု နည်းပညာကို အသုံးပြု၍ အောက်တိုဘာ ၈ ရက်က လမ်းသစ်ခင်းပေးလျက်ရှိသည်။

Stabilized Soil နည်းပညာသည် မြေကြီးကျောက်ပျက် သို့မဟုတ် ဖြိုးကျောက်တစ်မျိုးမျိုးကို ဘိလပ်မြေ လေးရာခိုင်နှုန်းခန့်ဖြင့် ရောပြီး ရေနှင့် အချိုးအစားလိုက်မွှေပြီး ကျောက်ချောလမ်းပေါ်တွင် ဖြန့်ခင်း၍ လမ်းကြိတ်စက်ဖြင့် လမ်းသားကျစ်လျစ်မှုပြုလုပ်ကာ ခင်းသောနည်းဖြစ်သည်။ ၂၄ နာရီအတွင်း လမ်းသား ကျစ်လျစ်မာပြီး ဆိုင်ကယ်နှင့် ယာဉ်ငယ်များသွားလာနိုင်သည်။ လမ်းချောအနေဖြင့် အသုံးပြုနိုင်ပြီး ဘတ်ဂျက်အပေါ်မူတည်၍ နိုင်လွန်ကတ္တရာခင်းခြင်းများ အလွယ်တကူ ဆောင်ရွက်နိုင်သည်။

ယခင်က လမ်းအသစ်ခင်းလျှင် သက်ရင့်ကျောက်အရွယ်စုံအလွှာလိုက် အထပ်ထပ်ခင်းပြီး လမ်းကြိတ်စက်ဖြင့် ကြိတ်ကာ ကတ္တရာဖျန်း၍ကျောက်သေးဖြူးကာ လမ်းခင်းကြရသဖြင့် အချိန်ကြာမြင့်ကာ ကုန်ကျစရိတ် များပြားကြောင်း၊ အဆိုပါ နည်းပညာဖြင့် လမ်းခင်းခြင်းသည် ကုန်ကျစရိတ်သက်သာပြီး အချိန်တိုအတွင်း လမ်းများအဆင့်မြင့်တင်ခင်းပေးနိုင်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**


Asia World Company Limited and The Group of Companies
Wishes Yangon Aerodrome Company Limited
A Happy 3rd Year
Anniversary
Yangon Aerodrome Company Limited - YACL ၏ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်
ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း ၃ နှစ်ပြည့် အထိမ်းအမှတ်အား ဂုဏ်ပြုအပ်ပါသည်။
YACL ၏ ၃ နှစ်ပြည့်မှသည် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုဖြင့်
ဆက်လက်လျှောက်လှမ်းချီတက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
YANGON INTERNATIONAL AIRPORT
Asia World Group of Companies
ASIA WORLD
COMPANY LIMITED
YANGON
aerodrome
PIONEER AERODROME
ASIA WORLD
PORT MANAGEMENT
SHWE NAR WAR
GOLD ENERGY
GLOBAL WORLD
INSURANCE
ASIA MEGA LINK
ASIA LIGHT
SUPER MARKET
ASIA WORLD
INDUSTRY
ROYAL VICTORY
SERVICES
HLEDAN CENTRE
HORIZON
Lake View Resort
MYAT TAW WIN
PROJECT UNION
GREAT BELL LOGISTIC




**သုံးရောသီ (ဗမ္မဒါန)**
တောင်ကြီး၊ အင်းလေးစောင်တော်ဦးပွဲ၊ ပင်းတယ၊ ကက္ကူ ... ထမင်းကျွေး(၅၅၀၀၀/-)
Oct-22
ပုဂံ ပုပ္ပါး ပဒုက္ကူ စွယ်တော်လေးဆူ ... (၃၀၀၀၀/-)
☎ 420144148, 421153797

**စည်းစိမ်မင်း** 09-444450446, 09-444450558, 09-250144709
ကျိုက်ထီးရိုး/ရွှေဘော
ပုဂံ ပုပ္ပါး စွယ်တော်လေးဆူ ပဒုက္ကူ 45000
မန္တလေး ပြင်ဦးလွင် ကျောက်စီး 45000
မန္တလေး ပြင်ဦးလွင် စစ်ကိုင်း မုံရွာ 60000
တောင်ကြီး အင်းလေး မိန်းမရဲ့ 60000
တောင်ကြီး အင်းလေး လွိုင်ကော် 75000
မြိတ်ကျွန်းစု (ရေယာဉ်) Hotel-235000
40000
ထားဝယ်ရှင်ကိုရှင် မောင်းမကန် 70000
ထားဝယ်ရှင်ကိုရှင် မြိတ် 90000
မြဝတီ မဲဆောက် ဘားအံ Hotel-100000
110000
Oct 12, 19, 22, 26

**WONDERLAND Car Rental**
Alphard/Hiace/Saloon/Express
(၂၉၊ ၃၃၊ ၄၅ ယောက်စီး)များကို ခရီးစဉ်အမျိုးမျိုးအတွက် ငှားရမ်းနိုင်ပါသည်။
Ph:09-254545519
09-795549249

**ရွှေခွန်းသာ**
ကျိုက်ထီးရိုး/ရွှေဘော (နေ့စဉ်) (Oct 22,23 ထွက်မည်)
ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပဒုက္ကူ (၄)ရက် 45000
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ ကျောက်ဆည် (၄)ရက် 45000
ထားဝယ်(ရှင်ကိုရှင်)၊ မောင်းမကန်၊ မြိတ်၊ ကျိုက္ကမီ (၆)ရက် 90000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲ၊ လွိုင်ကော် (၅)ရက် 70000
Ph: 09-420046635, 09-772845260, 09-445328806

**ကိုသန့် ဇင် CAR RENTAL**
ကားမျိုးစုံ ငှားနိုင်ပါသည်။
09 - 5059821
09 - 43117680

**ရလိုတောင်းအညာသီဟတော**
မိုးကုတ်၊ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို
(၅)ရက်ခရီး၊ စား/တည်း ခံ ပါ၊ (၆၀၀၀၀/-) (20.11.2018)ထွက်မည်
Ph:09 450024419
09 790629747

**RUBY** ကားစီးလုံးငှားသည်
09-51-77212, 519100, 535100

**ရွှေအိုးကြီး** 09 421073634, 09 777636630
Oct-19,20, 22,26 ထွက်မည်
Hotel (2)ည 100000
70000

**ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး**
**ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ**
( WIPO,DL-101 Switzerland )



☎01-394727,01-399426,09-73009994,09-5152521

## နေပြည်တော်ကောင်စီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်မည့်ညွှန်ကြားရေးမှူးချုပ်နေအိမ် (Duplex) (၁၀)လုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူးအိမ်ရာ (2U3S)(၁၀)လုံး၊ အရာထမ်းအိမ်ရာ (6U4S-3Bed) (၁၅)လုံး၊ အမှုထမ်းအိမ်ရာ(6U4S-2Bed)(၂၅)လုံး၊ လူပျိုဆောင်/အပျိုဆောင် (၁၆)လုံး၊ စုစုပေါင်းဝန်ထမ်းအိမ်ရာအဆောက်အဦ (၇၆)လုံး ဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၁-၁၀-၂၀၁၈ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၃၁-၁၀-၂၀၁၈ရက်
၄။ တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်- ၉-၁၁-၂၀၁၈ရက် (မွန်းလွဲ ၂း၃၀နာရီ)

(ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းစံချိန်စံညွှန်းများပါဝင်ရမည်)

၅။ နည်းပညာအဆိုပြုလွှာ (Technical) အောင်မြင်သည့် ကုမ္ပဏီများကိုသာ ငွေကြေးအဆိုပြုလွှာ (Financial Proposal) တင်သွင်းခြင်းကိုလက်ခံမည်။

၆။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် အဆောက်အဦများ ဆောက်လုပ်ရာတွင် လုပ်ငန်းများစီမံဆောင်ရွက်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများကို အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှ ကြီးကြပ်ဆောင်ရွက်သွားမည်။

၇။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၁-၁၀-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၃၅၀၀၁၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**နေပြည်တော်ကောင်စီရုံး**
**၀၆၇-၃၅၀၀၁၃**

**ညစ်အားချည်းလား၊ လက်သည်လည်း လို့တာပေါ့၊ စုစုအေးအောင် ဝမ်းမှန် အကြောပြေဆေး**

**ပြင်ဆင်ဖတ်ရှုပါရန်**
၁၈-၉-၂၀၁၈ရက်နေ့ ... GPဆေးခန်း ... SPဆေးခန်း ... ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်-၄၃၊ ကျီတော်လမ်း၊ ကျီတော်ရပ်ကွက်ဟု ခေါ်တွင်သော တိုက်ခန်းတွဲ၏ (၇-လွှာ) ယာဘက်အခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား စာချုပ်အဆက်ဆက်ဖြင့် လက်ရောက်ပိုင်ဆိုင်ထားသူ ဦးကျော်မိုး (KTGA-000031)နှင့် ဒေါ်မြင့်မြင့်သန်း (MTNT-000332) တို့မှ ရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်ဖြူ** | **ဒေါ်မေရီဆိုင်းသွယ်** |
| **LL.B,D.B.L,D.M.L,D.I.L,DAPsy** | **LL.B,LL.M,D.B.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၃၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၉၂၈)** |

**အမှတ်-၅၁/၅၇၇၊ နိဗ္ဗိန္ဒလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၆၁၈၄**



VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS
ISO 9001: 2015 CERTIFIED

UNIVERSITY OF WOLVERHAMPTON

# CONGRATULATIONS

## TO OUR GRADUATION CLASS OF 2018.

**Victoria University College တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ အစိုးရပိုင် University of Wolverhampton မှ ဂုဏ်ထူးတန်း ဒီဂရီဘွဲ့ကို ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ကျောင်းသူများကို VUC မှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။**

### Bachelor of Arts with Honours Business Management

Wai Phyo Aung
Wutt Yee Hnin Aung
Han Thwe Hnaung
Kyaw Si Thu Htun
Hsu Min Min Htut
Min Thet Khine
Khant Hmu Ko
Kyaw Swar Lin
Wai Yan Htet Min
Myat Thae Thae Moe
Aye Myat Mon
Aung Kaung Myat
Suu Nandar Myint
Su Thin Ni
Khin Noe Noe
La Min Oak
May Myat Noe Oo
Ei May Phoo
Kyawt Myat Noe San
Thae Thin Nu San
Thoon Phyo Sithu
Thiri Nyein Thant
Khin Thiri Thein
May Lin Thu
Phyu Sin Thu
Yamin Myo Tint
Ei Shwe Sin Win
Myat Thin Zar

### Bachelor of Engineering with Honours Civil Engineering (International)

Hsu Pyae Aung
Myat Noe Aung
Ye Min Han
Kaung Lin Hein
Htet Aung Hlaing
Hsu Yee Htet
Nyan Linn Htet
Min Zaw Htut
Myat Hein Htut
Htet Kay Khine
Yamin Ko Ko
Arkar Kyaw
Chan Lin Kyaw
Hein Htet Kyaw
Min Khant Kyaw
Myo Thiha Kyaw
Phwunt Phyo Kyaw
Htet Aung Lin
Kyaw Soe Lin
Zawana Lwin
Zay Zay Maung
Aung Thein Min
Kaung Wai Yan Myo Minn
Wine Wine Mon
Myat Thandar Myint
Saw Yan Naing
Thar Htoo Nyi Nyi
Aung Thet Khaing Oo
Arkar Phyo Paing
Eaint Hmu Paing
Zayar Phyo
Ingyin Pwint Phyu
Saung Wut Yee Phyu
Kaung Htike San
Saw Nan Shin
Evi Thang
Phyu Sin Thant
Kant Kaw Chan Myaye Theint
Kaung Sitt Thet
Ye Linn Thu
Sai Htet Thura
Si Thu Tun
Tun Tun
Bhone Pyae Win Aung
Than Htike Zaw

### Bachelor of Engineering Civil Engineering (International)

Ye Myint
Win Ko Ko Phyo

- ဘွဲ့နှင်းသဘင် အခမ်းအနားကို 18/10/2018 ရက်နေ့ ( မွန်းလွဲ ၁း၀၀ မှ ၃း၀၀ အထိ) Lotte Hotel (Crystal Ballroom) ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
- ယင်းဘွဲ့နှင်းသဘင် အခမ်းအနားတွင် University of Wolverhampton မှ Vice Chancellor ကိုယ်တိုင်ချီးမြှင့်ပေးအပ်ပါမည်။
- ဘွဲ့အခမ်းအနားသို့ တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများသည် 12 OCT 2018 နောက်ဆုံးထားပြီး ကျောင်းသားရေးရာဌာနသို့ စာရင်းပေးပို့ရမည်။
  ကျောင်းသားရေးရာဌာန - အမှတ် (၁၆၆)၊ MMB Tower ၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၈၃၁၃၂၊ ၃၈၃၁၃၃။



HITACHI
THADINGYUT PROMOTION
10 Oct 2018 to 15 Nov 2018
All Items Free Gift,
Special Discount
Clearance Sale Up To
20%
ECO CHOICE
SHOWROOM ADDRESS :
အရောင်းပြခန်း (၁) - SA-7 အောင်ဇေယျအိမ်ရာ၊ အလုံလမ်း နှင့် ကမ်းနားလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၃၀၁၂၆၇ ၊ ၀၉-၄၃၁၅၃၄၂၃
အရောင်းပြခန်း (၂) - ၃၂၂ ၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်းအပေါ်) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။ဖုန်း ၀၉-၇၃၀၁၈၈၀၀ ၊ ၀၉-၇၈၅၇၅၇၃၃၉
အရောင်းပြခန်း (၃) - No 192, Room 23, ဒုတိယထပ်၊ Life Square ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၉၀၉၈၈၈၉၁ ၊ ၀၉-၇၉၀၉၈၈၈၉၂
အရောင်းပြခန်း (၄) - G-6 မြေညီထပ်၊ Sinma Living Mall သီရိရတနာလမ်း ၊စီးပွားရေးဇုန်၊ဥတ္တရသီရိမြို့နယ် ၊ နေပြည်တော်မြို့။ ဖုန်း ၀၉-၈၇၇၉၃၁၉၃၇
အရောင်းပြခန်း (၅) - No.G-29/ 30/ 31, ၈၂ လမ်း၊ ၂၆လမ်း နှင့် ၂၇လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၆၄၆၅၈၊ ၀၉-၄၂၀၀၅၀၃၇၉
အရောင်းပြခန်း (၆) - No.195, ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အင်းဝဘဏ်နှင့် CB ဘဏ်ကြား၊ လမ်းမတော်မြို့နယ်၊ တောင်ကြီးမြို့။ ဖုန်း ၀၉-၇၆၂၉၃၈၄၃၇




CONSTRUCTION, POWER & MINING Myanmar 2018
INTERMACH MYANMAR
MTA MYANMAR
SUBCON MYANMAR Industrial Subcontracting Exhibition
MYANMAR WATER
RENEWABLE ENERGY RE MYANMAR
A MEGA INDUSTRIAL & INFRASTRUCTURE EVENT FOR MYANMAR!
11-13 OCTOBER 2018
Yangon Convention Centre (YCC) 9.00-17.00 hrs.
NEW VENUE
15 National Pavilions from8 countries
500 Companies representing 1000 of Brands
Comprehensive Technical Seminars and Activities
Organised by:
UBM
Supported by:
MCEA
REAM
Yangon Electricity Supply Corporation
UBM Myanmar
+95 1378 975
Pre-register NOW!
reg.ubmmyanmar.com

C B BANK

## “ SME လုပ်ငန်းရှင်များအတွက် သတင်းကောင်း ”

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် CB Bank မှ
SME Center (5) Sittwe ကိုအောင်မြင်စွာဖွင့်လှစ်ပြီး
SME လုပ်ငန်းရှင်များအတွက် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ
ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

**CB Bank**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကျူးဘားနိုင်ငံ ဒုတိယသမ္မတနှင့် တွေ့ဆုံ

## နှစ်နိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စများ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၉**

(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နယူးယောက်မြို့တွင် ကျင်းပသော (၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံမူဝါဒရေးရာဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အထူးကိုယ်စားလှယ်အဖြစ် ကျူးဘားနိုင်ငံသို့ တရားဝင်ခရီး သွားရောက်ခဲ့ပြီးနောက် အောက်တိုဘာ ၉ ရက်တွင် စင်ကာပူလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်အထိ အဆင့်မြင့်ရက်သတ္တပတ်ကာလအတွင်း အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားသည့် အစီအစဉ်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် စက်တင်ဘာ ၂၈ ရက်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

အဆင့်မြင့် ရက်သတ္တပတ်ကာလမတိုင်မီ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် စက်တင်ဘာ ၂၆ ရက်တွင် ဝါရှင်တန်မြို့သို့ သွားရောက်ပြီး အမေရိကန်အထက်လွှတ်တော်လူများစုခေါင်းဆောင် ဆီနိတ်တာ Hon. Mitch McConnell အား သွားရောက်တွေ့ဆုံခဲ့သည်။

နယူးယောက်မြို့တွင် ကုလသမဂ္ဂညီလာခံ တက်ရောက်နေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hon. Mike Pompeo၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Taro Kono၊ အမေရိကန်အထက်လွှတ်တော်အမတ်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကျူးဘားနိုင်ငံ ဒုတိယသမ္မတ H.E. Ms. Ines Maria Chapman Waugh နှင့် တွေ့ဆုံဆွေးနွေးစဉ်။**

## ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်မည်

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသည့် မုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ဂိုလ်ပါပူမြို့၏ အရှေ့တောင်ဘက် မိုင် ၃၀၀ ခန့်၊ ကလင်ဂါပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ◯**

## အင်ဒိုနီးရှားနှင့် မြန်မာအသင်း ခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

**၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည်။**




အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကို အောက်တိုဘာ ၁၀ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် အင်ဒိုနီးရှားနိုင်ငံရှိ ဝိဘာဝါဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်မီပေးက "အင်ဒိုနီးရှားနဲ့ မြန်မာအသင်းရဲ့ ခြေစွမ်းက ကွာခြားမှုမရှိသလို ကစားသမားတွေ

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❖**

## အိန္ဒိယတွင် ကျင်းပသည့် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိ

**ရန်ကုန် အောက်တိုဘာ ၉**

အိန္ဒိယနိုင်ငံ ပူနဲမြို့တွင် ကျင်းပခဲ့သည့် (၅၂)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ ကစားသမားများက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများ၏ မိသားစုဝင်များက ကြိုဆိုခဲ့ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



**ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် မြန်မာအားကစားသမားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။**

